# ကြေးမုံ
The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်၊ တနင်္လာနေ့။ Monday, 5 August 2024 ၁၁၅၄၀


**ကောင်းမှုပွားများခြင်းက နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ပေါင်မြို့နယ်၌ တစ်ပိုင်တစ်နိုင် နဂါးမောက်သီးစိုက်ပျိုးကြသူများ အောင်မြင်ဖြစ်ထွန်း

ပေါင် ဩဂုတ် ၄

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဥယျာဉ်ခြံမြေများနှင့် နေအိမ်များအတွင်း မြေကွက်လပ်များတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသည့် နဂါးမောက်သီးနှံများ ဖြစ်ထွန်းအောင်မြင်ပြီး မိသားစုအပိုဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ပေါင်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံမှ သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪

## ညောင်ဦးမြို့နယ်၌ ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစေရန် ရေလှူဒါန်း



ညောင်ဦး ဩဂုတ် ၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အေးမေတ္တာ ပရဟိတရေလှူတော်အဖွဲ့(တောင်ဇင်း)က ဩဂုတ် ၃ ရက် နံနက်ပိုင်းက သောက်သုံးရေလိုအပ်နေသော ညောင်ဦးမြို့နယ် ကန်စောင့်ကျေးရွာသို့ သွားရောက်ပြီး သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့ သောက်သုံးရေ လှူဒါန်းပေးရာတွင် ညောင်ဦးမြို့နယ် အေးမေတ္တာ ပရဟိတရေလှူအဖွဲ့(တောင်ဇင်း)မှ ပရဟိတအသင်းသားများက ညောင်ဦးမြို့နယ် ကန်စောင့်ကျေးရွာ ဒေသခံပြည်သူများအတွက် သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရန် ရေဂါလန် ၁၆၀၀ အား စာမျက်နှာ ၄ ကော်လံ ၅ သို့ ❍

## မှတ်သားဖွယ်ရာမိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၄

| | |
|---|---|
| ကျောက်ဖြူ | ၃ ဒသမ ၇၉ လက်မ |
| ဘားအံ | ၃ ဒသမ ၅၄ လက်မ |
| နေပြည်တော် (ပုဗ္ဗသီရိမြို့နယ်) | ၃ ဒသမ ၁၅ လက်မ |
| နေပြည်တော် (ဇေယျာသီရိမြို့နယ်) | ၃ ဒသမ ၁၁ လက်မ |
| ဂွ | ၂ ဒသမ ၈၀ လက်မ |
| ဓနုဖြူ | ၂ ဒသမ ၆၄ လက်မ |
| သထုံ | ၂ ဒသမ ၂၄ လက်မ |


ယနေ့ ဖတ်စရာ

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှသည် စိုက်ပျိုးမွေးမြူရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ဖွံ့ဖြိုးတိုးတက်မှုလင်းရောင်ခြည်များ
သတင်း ဆောင်းပါး စာမျက်နှာ » ၆



နိုင်ငံရေးပါတီ (၂၅)ပါတီ၏ ပူးတွဲသဘောထား ထုတ်ပြန်ကြေညာချက်
စာမျက်နှာ » ၈

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့ ငါးခုမှ သဘောထားများ ထုတ်ပြန်
စာမျက်နှာ » ၉

ကြေးမုံ

# လူမဆန်သည့်အကြမ်းဖက်တိုက်ခိုက်မှု ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချ

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် MNDAA အဖွဲ့နှင့် TNLA အဖွဲ့တို့က ဒေသတည်ငြိမ်အေးချမ်းရေးအတွက် နှစ်ဖက်သဘောတူထားသည့် ယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်ပြီး တိုက်ပွဲများဖော်ဆောင်လာခဲ့သည်။ MNDAA အဖွဲ့သည် လားရှိုးဒေသတစ်ဝိုက်ရှိ နယ်မြေလုံခြုံရေးစခန်းများကို တိုက်ခိုက်သကဲ့သို့ လားရှိုးမြို့တွင်းသို့လည်း ရှေ့တိုက်ဒုံးများဖြင့် နေ့စဉ်ပစ်ခတ်တိုက်ခိုက်ခဲ့ကာ လားရှိုးမြို့တွင်းသို့ စိမ့်ဝင်ပြီး ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ဖျက်ဆီးလျက်ရှိသည်။

ထို့အပြင် TNLA အဖွဲ့သည် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့်ပူးပေါင်းပြီး နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ မိုးကုတ်ဒေသအတွင်းရှိ နယ်မြေလုံခြုံရေးစခန်းများနှင့် မြို့အချို့ကို တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ ယင်းသို့ တိုက်ခိုက်လာမှုများကြောင့် ဒေသမတည်မငြိမ်ဖြစ်ခဲ့ရပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ သာမက အသက်အန္တရာယ်များပါ ထိခိုက်ဆုံးရှုံးမှုများရှိခဲ့သည်။ အကြောင်းအမျိုးမျိုး၊ ခေါင်းစဉ်အမျိုးမျိုးပြပြီး အေးချမ်းစွာနေထိုင်ကြသည့် အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို နေ့စဉ်နှင့်အမျှ ခြိမ်းခြောက်ဖျက်ဆီးနေသဖြင့် ပြည်သူလူထုက စက်ဆုပ်ရွံရှာနေကြသည်။

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် လားရှိုးမြို့အတွင်း တိုက်ပွဲများဖော်ဆောင်ပြီး စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် ဘာသာရေးအဆောက်အအုံများ၊ လူနေအဆောက်အအုံများကို ဖျက်ဆီးခဲ့သည့်အပြင် တပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း စိတ်မကောင်းဖွယ်ကြားသိခဲ့ရသည်။ ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိပြီး ကျန်ရှိသည့်ပြည်သူများမှာ နေရပ်များမှ စွန့်ခွာနေကြရသည်။

ကမ္ဘာပေါ်တွင် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့သော နိုင်ငံများရှိ စစ်ဘေးဒဏ်ခံရသည့် ပြည်သူများအား လူသားချင်းစာနာမှုဖြင့် ဝိုင်းဝန်းကူညီပေးကြသည်။ စစ်ရေးနှင့်မသက်ဆိုင်သော ဘာသာရေးအဆောက်အအုံ၊ ဆေးရုံ၊ စာသင်ကျောင်းများနှင့် အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကို ကုလသမဂ္ဂအပါအဝင် နိုင်ငံများနှင့် အဖွဲ့အစည်းများက ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများအတွင်း ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ဆေးရုံနှင့် အပြစ်မဲ့ပြည်သူများ၊ လူနာများအား ရက်စက်ယုတ်မာစွာ တိုက်ခိုက်မှုများကို ပြင်းပြင်းထန်ထန် ရှုတ်ချရမည်ဖြစ်သည်။

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ လုပ်ရပ်များသည် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး ရောမဥပဒေအရ စစ်ပွဲအတွင်း လူများကို ဆန္ဒအလျောက်သတ်ဖြတ်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ စစ်ရေးအရလိုအပ်ခြင်းမရှိဘဲ ပိုင်ဆိုင်မှုပစ္စည်းများကို ဖျက်ဆီးခြင်း၊ အရပ်သားများကို တိုက်ခိုက်ခြင်း၊ အကာအကွယ်မရှိသော၊ စစ်ရေးစစ်ရာအနေနှင့် တိုက်ခိုက်သိမ်းပိုက်ရန် ရည်ရွယ်မထားသော မြို့များ၊ ရွာများ၊ နေအိမ်များကို မည်သည့်နည်းနှင့်မဆို တိုက်ခိုက်ခြင်းစသည်တို့ကို ကျူးလွန်ခြင်းဖြစ်၍ စစ်ရာဇဝတ်မှု (War Crime) မြောက်သည့် လူမဆန်စွာ ရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှုမြောက်သည့် လူမဆန်စွာရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များနှင့်ပတ်သက်၍ မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံအတွင်းရှိ အဖွဲ့အစည်းအသီးသီးက ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားများ ထုတ်ပြန်လာကြပြီး တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကလည်း ဆက်လက်ပါဝင်ကန့်ကွက်ပြီး နိုင်ငံတော်နှင့်ပြည်သူအတွက် ရပ်တည်ပေးကြရမည်ဖြစ်သည်။

အဆိုပါအကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ပြည်ထောင်စုကြီးအတွင်းနေထိုင်ပြီး ငြိမ်းချမ်းရေးကိုမလိုလားဘဲ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကိုအခြေခံကာ နိုင်ငံတည်ငြိမ်အေးချမ်းမှုပျက်ယွင်းအောင် နည်းလမ်းမျိုးစုံ ပြုလုပ်နေသည်။ နယ်မြေချဲ့ထွင်ရေး၊ စစ်ဘုရင်ဝါဒအာဏာထူထောင်ရေးကို ပြုလုပ်ပြီး အေးချမ်းစွာနေထိုင်ကြသည့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ဖျက်ဆီးနေကြသူများဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးစုပေါင်း တစ်ရာကျော် စုစည်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်ပြီး နှစ်ပေါင်းထောင်ချီ အေးအတူပူအမျှ အတူလက်တွဲနေထိုင်ခဲ့ကြသည်။ ယခုအခါ ပြည်ထောင်စုစိတ်ဓာတ်မရှိသည့် MNDAA၊ TNLA နှင့် PDF တို့သည် မြို့ရွာများကို ဖျက်ဆီးပြီး ဒေသခံပြည်သူလူထုအား လူမဆန်စွာ နှိပ်စက်ဖျက်ဆီးမှုများပြုလုပ်လျက်ရှိရာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင် ကန့်ကွက်ရှုတ်ချကြရမည်ဖြစ်ပါကြောင်း။ ။

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## ဇရပ်

**(ယမန်နေ့မှအဆက်)**

စဆွံနှင့် စရပ်တို့၏ (အဘိဓာန်ဖွင့်အဓိပ္ပာယ် မဟုတ်ဘဲ) အနက်ရင်းကို ဖော်ထုတ်သင့်သည်။ ဝေါဟာရနှစ်ခုလုံး၏ အနက်ရင်းသည် “ဆွံ” နှင့် “ရပ်”တွင်ရှိသည်။ “ဆွံ”သည် “ဆုံ” နှင့် အနက်တူသည်။ “တွေ့သည်၊ ကြုံသည်၊ စုရုံးသည်၊ ပေါင်းစည်းသည်’’ စသော အနက်များ ရှိသည်။ “ရပ်”၏ အနက်မှာ “တန့်၊ နား၊ ရပ်နား”ဖြစ်သည်။ ထို့ကြောင့် “စဆွံ” ကို လူအများဆုံစည်းရာ၊ စုဝေးရာ၊ စည်းဝေးရာ အဆောက်အအုံဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ “ဇရပ်” ကို “လူအများခေတ္တရပ်နားရာ၊ တည်းခိုရာ အဆောက်အအုံ”ဟု အဓိပ္ပာယ်ဖွင့်နိုင်ပါသည်။ ဤတွင် “စဆွံ နှင့် စရပ်” နှစ်ခုလုံးတွင်ပါသည့် “စ” ၏အနက်ကို ဖော်ရန်ရှိပါသည်။ “စ”သည် “စာ၊ စက်၊ စပ်” အနက်များနှင့် နီးနွယ်ပါသည်။ “ဆက်စပ်၊ ယှဉ်တွဲ၊ တည်နေ၊ နေ” ဟူသော အနက်များရှိသည်။ ထို့ကြောင့် “စဆွံ”သည် “ ဆွံသည့်နေရာ၊ ဆုံသည့်နေရာ”၊ “စရပ်”သည် “ရပ်နားရာနေရာ၊ တည်းခိုရာနေရာ၊ နားခိုရာနေရာ”ဟု ဆိုနိုင်ပါမည်။ “စဆွံ”ရော၊ “စရပ်”ပါ မြန်မာစကားများဖြစ်ကြောင်း ယုံမှားဖွယ်မရှိပါ။

ပုဂံကျောက်စာများတွင် “စရပ်”ဟုပင် စဝဂ်ပထမက္ခရာဖြင့်ရေးကြောင်း အကိုးသာဓကပြခဲ့ပြီဖြစ်ပါသည်။ ရှေးစာဟောင်းများတွင် “စရပ်”ဟုပင် စဝဂ်ပထမက္ခရာဖြင့်ချည်း ရေးမှတ်ကြသည်ကို တွေ့ရပါသည်။ “စရပ်” မှာ အနက်စွဲအရေး၊ “ဇရပ်”ကား အသံစွဲအရေးဖြစ်သည်။ အနက်စွဲအရေး “စရပ်” သည် လွှတ်တော်သုံးအရေးဟုလည်း ဆိုနိုင်ပါသည်။ “စရပ်” အရေးသာဓကအများပြရန် မလိုတော့ဟု ယူဆပါသည်။

ဤတွင် “ဇရပ်” သည် မွန်ဘာသာစကားဟုတ်မဟုတ်။ မွန်“ဇြပ်”ကို “ဇရပ်”ဟု စာလုံးပေါင်းဖလှယ်ကာ မြန်မာက မွေးစားထားခြင်းဟုတ်မဟုတ် ဆင်ခြင်သုံးသပ်ဆုံးဖြတ်ရန် လိုလာပါသည်။

စင်စစ်အားဖြင့် မြန်မာတွင် “စဆွံ” ဟူသော အဆောက်အအုံ၊ “စရပ်”ဟူသော အဆောက်အအုံတို့ အထင်အရှားရှိပြီးဖြစ်ပါသည်။ “စဆွံ”ဟူသော ဝေါဟာရ “စရပ်”ဟူသော ဝေါဟာရတို့လည်း အခိုင်အမာ တွင်ကျယ်စွာရှိပြီးဖြစ်ပါသည်။ ဘာသာရေးအရဖြစ်စေ၊ လူမှုရေးအရဖြစ်စေ စဆွံ၊ စရပ်တို့ကို ဆောက်လုပ်အသုံးပြုခဲ့ကြသည်။ ဤတွင် “စဆွံ”ဆိုသည်မှာ လူအများဆုံစည်းရာ၊ စုဝေးရာ ဟူသောအနက်ကို အခြေခံသဖြင့် လူအများစည်းဝေးရ၊ တရားနာရသော အဆောက်အအုံဖြစ်သည်ဟုယူဆရသည်။ စဆွံတွင် မြတ်စွာဘုရားဆင်းတုတော်တစ်ဆူလည်း ပူဇော်ထားရှိတတ်သည်ဆိုသဖြင့် “စဆွံ”သည် အထူးသဖြင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံဖြစ်ဖွယ်ရှိသည်။ “စရပ်” မှာမူ အထူးသဖြင့် ခရီးသွားများရပ်နားရာ၊ ခိုနားရာအဆောက်အအုံဖြစ်ဖွယ်ရှိသည်။ သို့ရာတွင် “စရပ်”ကို တရားပွဲကျင်းပရာ၊ တရားဟောရာ တရားနာရာ အဆောက်အအုံအဖြစ်လည်း အသုံးပြုကြသေးကြောင်း မှတ်သားရပါသည်။

ဆင်ခြင်ရန်ရှိသည်မှာ မွန်နှင့်ဗမာသည် ဘာသာစကားမတူသော်လည်း အက္ခရာတူသော ညီနောင်တိုင်းရင်းသားများဖြစ်သဖြင့် မွန်ဝေါဟာရများကိုလည်း ဗမာကမွေးစားမည်။ ဗမာဝေါဟာရများကိုလည်း မွန်ကမွေးစားမည်။ ယခုတင်ပြသော ဇရပ်ဟူသော ဝေါဟာရမှာ ဗမာစကားသာဖြစ်ပါသည်။ အနက်စွဲရေးသော် “စရပ်”၊ အသံစွဲရေးသော် “ဇရပ်” ဖြစ်သည်။ ယခုအခါ မြန်မာအဘိဓာန်တွင် အသံစွဲအရေးဖြစ်သော “ဇရပ်” (စဝဂ်တတိယက္ခရာ)ကို ပြဋ္ဌာန်းထားသည်။

“ဇရပ်”ကို R.Holliday ၏ Mon–English Dictionary တွင် မွန်စာလုံးပေါင်း “ဇြပ်” ဟုပြပြီး “a rest house”ဟု ပြပါသည်။ ရင်းမြစ်မဖော်ပြပါ။ (၁၉၂၂ ပုံနှိပ်)

Rev. Edward Oliver Stevens ၏ A Vocabulary English and Peguan ကျမ်းတွင် အဘိဓာန်တည်ပုဒ်ကို မြန်မာ “ဇရပ်” အသံဖလှယ်၍ zayat ဟု ပြပါသည်။ Zayat ၏ အဓိပ္ပာယ်ကို n. ဇြပ် (Bur), a building for public worship, or strangers to lodge in ဟုပြထားပါသည်။ Rev. Edward Oliver Stevens က “ဇြပ်”ကို မြန်မာစကား “ဇရပ်”(Zayat)ဟု ပြခဲ့ပါသည်။ (A. Vocabulary English and Peguan.1896)

မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ။

# သထုံမြို့နယ်၌ ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းချိုသာစွာရောင်းချပေးလျက်ရှိ

သထုံ ဩဂုတ် ၄



မွန်ပြည်နယ် သထုံမြို့နယ် အောက်ကျင်းရပ်ကွက် အခွန်လွတ်ဈေး၌ ယနေ့နံနက်ပိုင်းက အခြေခံစားသောက်ကုန်များအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါ အခြေခံစားသောက်ကုန်များရောင်းချရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ အမှုဆောင်အရာရှိ ဦးသန့်စင်ညိမ်းနှင့် စည်ပင်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ လာရောက်ဝယ်ယူသူ ဒေသခံပြည်သူများအား ဧည့်မထဆန် တစ်ပြည်လျှင် ငွေကျပ် ၃၀၀၀၊ ပေါ်ဆန်းမွှေးဆန်တစ်ပြည်လျှင် ငွေကျပ် ၅၅၀၀၊ စားဆီတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၂၀၊ ဝက်သားတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀၊ အမဲသားတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀၊ ကြက်သားတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ တို့ဖြင့် စားကုန် ခုနစ်မျိုးအား ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်း



နေပြည်တော် ဩဂုတ် ၄

စွန့်လွှတ်စွန့်စားလိုသည့်စိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဩဂုတ် ၂ ရက် မွန်းလွဲပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စေတနာ၊ မေတ္တာအပြည့်ဖြင့် စားသောက်ဖွယ်ရာများကို ရှေ့တန်းမြေသို့ ပေးပို့နိုင်ရေး စိတ်အားထက်သန်စွာဖြင့် စုပေါင်းပြင်ဆင်ထုပ်ပိုးဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများက လိုက်လံကြည့်ရှုအားပေးကြသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် လက်ဖက်အကြော်စုံဘူး ၅၀၀ ၊ ခေါက်ဆွဲခြောက်ငါးထုပ်တွဲ ၅၀၀၊ နန်းမြိုင်ကော်ဖီအထုပ် ၃၀ ပါအထုပ်ကြီး ၅၀၀၊ တီးမစ် ၃၀ ပါအထုပ် ၂၅၀၊ ငါးတန်အချိုပေါင်း ၂၀၀ ဂရမ် ၁၀၅ ဘူး၊ ပဲထောပတ် ၂၀၀ ဂရမ် ၁၇၄ ဘူး၊ ငါးပိကြော် ၂၀၀ ဂရမ် ၁၆၈ ဘူး၊ ကြက်အာလူး ၂၀၀ ဂရမ် ၈၃ ဘူး ၊ ငါးနီတူခြောက်ကြော် ၁၂၂ ဘူး၊ အာပြဲခြောက်ကြော်ဘူး ၁၅၀၊ ဂျူးမြစ်/ပဲပုပ်/မြေပဲကြော် ၃၂ ဘူး ၊ ငံပြာရည်ကြော် ၁၆၆ ဘူး စုစုပေါင်း အစားအသောက် ၁၂ မျိုးကို ပေးပို့လှူဒါန်းခဲ့ကြသည်။

ထို့ပြင် နိုင်ငံတော်လုံခြုံရေး၊ နယ်မြေကာကွယ်ရေးအတွက် အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားကာ ရှေ့တန်းစစ်မြေပြင်တွင် ရဲရင့်စွာဖြင့် တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများအတွက် စိတ်ဓာတ်ခွန်အား ၊ နိုးကြားတက်ကြွစေရန်ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းပါစေ၊ တရားသော စစ်အောင်မြင်ပါစေ အစရှိသည့် ဆုတောင်းမေတ္တာစာလွှာများကိုလည်း ထည့်သွင်းပေးပို့ခဲ့ကြသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာ ၁၂ မျိုးအတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၀၀၂၅၀၀ ကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ သွားရောက်ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများက စားသောက်ဖွယ်ရာများ လှူဒါန်း

မကွေး ဩဂုတ် ၄

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဝန်ကြီးဌာနမိသားစုဝင်များ၊ တိုင်းဒေသကြီးအသီးသီးရှိ ဌာနဆိုင်ရာများနှင့် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများက စာနာမှု၊ စေတနာ၊ မေတ္တာအပြည့်ဖြင့် စုပေါင်းချက်ပြုတ် ကြော်လှော်ကြပြီး စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေးအတွက် ပြင်ဆင်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်သိန်းထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှု အားပေးသည်။

နိုင်ငံတော်လုံခြုံရေး၊ နယ်မြေကာကွယ်ရေးအတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ် စွန့်စားကာ ရှေ့တန်းတွင် တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးနီတူခြောက်ကြော်၊ အသားတုနှင့် ငရုတ်သီးခြောက်ကြော်များအပြင် ပဲကြော်၊ မြေပဲဆားလှော်၊ ပုံးရည်ကြီး၊ အသင့်စားခေါက်ဆွဲထုပ်၊ စူပါကော်ဖီမစ်၊ ဆေးပေါ့လိပ်များနှင့်အတူ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများက “တရားသောစစ် အမြန်ဆုံးအောင်မြင်ပါစေ၊ တပ်မတော်သားများရဲ့အောင်မြင်မှု၊ ပြည်သူလူထုရဲ့ ငြိမ်းချမ်းမှုတွေကို စောင့်မျှော်လျက်တပ်မတော်သားများကို ချစ်တဲ့ ပြည်သူတွေ အများကြီးရှိနေပါတယ်၊ အန္တရာယ်ရန်စွယ်အမျိုးမျိုးကို ဖြတ်ကျော်ကာ တိုင်းပြည်အတွက် အသက်ပေးတိုက်ပွဲဝင်နေသည့်အတွက် များစွာကျေးဇူးတင်ဂုဏ်ယူပါကြောင်း၊ တိုက်ပွဲတိုင်းကို အောင်နိုင်ပြီးပြုံးပန်းဆင်ကာ ပြန်လာမည့်နေ့ကို စောင့်ကြိုနေကြောင်း” စသည့် ဆုတောင်း မေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ကြသည်။



ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် မကွေးတိုင်းဒေသကြီး အတွင်းရှိဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများက လှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀ ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများအား မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ပန်းဟောဝန်ခန်းမတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ရာ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်သိန်းထွန်းဦးနှင့် မကွေးတပ်နယ်မှ တပ်မတော်အရာရှိကြီးများက အသီးသီး လက်ခံရယူခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများ စားသောက်ဖွယ်ရာများ လှူဒါန်းပေးအပ်ရန် ပြင်ဆင်ဆောင်ရွက်နေ



လွိုင်ကော် ဩဂုတ် ၄

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားစွာဖြင့် စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက စာနာမှု၊ စေတနာ၊ မေတ္တာအပြည့်ဖြင့် တပျော်တပါး စုပေါင်းချက်ပြုတ်ကြော်လှော်ခြင်း၊ ဝန်ထမ်းမိသားစုများကိုယ်တိုင် စိတ်အားထက်သန်စွာဖြင့် စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုများကို ကယားပြည်နယ် ဝန်ကြီးချုပ်ဦးဇော်မျိုးတင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက နိုင်ငံတော်ကာကွယ်ရေး၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားကာ တိုက်ပွဲဝင်နေကြသည့်ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကော်ဖီ၊ ခေါက်ဆွဲခြောက်၊ လက်ဖက်အကြော်စုံ၊ ချဉ်ပေါင်ထမင်းနယ်၊ ငါးနီတူ၊ ပုစွန်ငါးပိချက်၊ သရက်သီးသနပ်၊ အာဖြဲခြောက်ကြော်၊ ကိတ်ခြောက်၊ ဆေးပေါ့လိပ်၊ ချိုချဉ် စသည့် စားသောက်ဖွယ်ရာပစ္စည်းများ လှူဒါန်းနိုင်ရေး ဝိုင်းဝန်းပြင်ဆင်ဆောင်ရွက်ခဲ့ကြပြီး စားသောက်ဖွယ်ရာများနှင့်အတူ "တရားသောစစ်အမြန်ဆုံးအောင်မြင်ပါစေ။ တပ်မတော်သားများရဲ့ အောင်မြင်မှု ပြည်သူလူထုရဲ့ ငြိမ်းချမ်းမှုတွေကို စောင့်မျှော်လျက် တပ်မတော်သားများကို ချစ်တဲ့ပြည်သူတွေ အများကြီးရှိပါတယ်။ တပ်မတော်သားများရဲ့ အောင်ပွဲဟာ ပြည်သူ့ အောင်ပွဲပါ။ တပ်မတော်သားများ စစ်မြေပြင်မှ အန္တရာယ်ကင်းရှင်းစွာ အမြန်ဆုံးပြန်လာနိုင်ပါစေ" စသည့် ဆုတောင်း မေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ကြကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် ၂၀၈၈၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်များကို ပေးအပ်လှူဒါန်းခဲ့ရာ ရှေ့တန်းရောက် တပ်မတော်သားများကိုယ်စား ဒေသကွပ်ကဲရေးမှူးက လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ကိုယ်စား ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့က လည်းကောင်း အသီးသီး လက်ခံရယူခဲ့ကြပြီး ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် အကျဉ်းဦးစီးဌာနသို့ သွားရောက်၍ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုရှိလာအောင် သစ္စာရှိရှိရဲရဲဝံ့ဝံ့ဖြင့် တာဝန်ထမ်းဆောင်ခဲ့သော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အကျဉ်းဦးစီးဌာနဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် စားသောက်ဖွယ်ရာများအား တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကျဉ်းဦးစီးဌာန ဝန်ထမ်းမိသားစုများအတွက် ဂုဏ်ပြုချီးမြှင့် ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် အကျဉ်းဦးစီးဌာနအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကြံခင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်း



ကြံခင်း ဩဂုတ် ၄

နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကြံခင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ (ကြံခင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) က စေတနာ၊ မေတ္တာအပြည့်ဖြင့် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက် ထုပ်ပိုးနေမှုများကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧရာဦးခန်းမ၌ ပြုလုပ်သည်။

## လှည့်လည်ကြည့်ရှု

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကောင်မတီ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးနီတူခြောက်ကြော်ထုပ် ၅၀၊ ငံပြာရည်ကြော်ထုပ် ၁၀၀၊ ငါးပိကြော်ထုပ် ၁၀၀ စုစုပေါင်း အမယ်သုံးမျိုးအား တစ်ထုပ်လျှင် ၁၀ ကျပ်သားစီ အထုပ် ၂၅၀ ကို တပျော်တပါး ပူးပေါင်းထုပ်ပိုးပြင်ဆင်ပြီးပေးပို့ လှူဒါန်းသွားမည့်အပြင် ရှေ့တန်းရောက်တပ်မတော်သားများအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရှိပြီး အနန္တောအနန္တငါးပါးတို့၏ ဂုဏ်ကျေးဇူးတို့ကြောင့် ဘေးအန္တရာယ်ကင်းရှင်းကြပါစေ၊ အစစအရာရာ အဆင်ပြေချောမွေ့ကြပါစေ၊ "တရားသောစစ်အောင်မြင်ပါစေ" အစရှိသည့် ဆုတောင်းမေတ္တာစာလွှာများကိုပါ ထည့်သွင်းပေးပို့သွားမည်ဖြစ်ရာ ၎င်းဆောင်ရွက်နေမှုများအား မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းတန်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။

အဆိုပါ စားသောက်ဖွယ်ရာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

## ပေါင်မြို့နယ်မှ

နဂါးမောက်သီးနှံသည် ကျန်းမာရေးနှင့် ညီညွတ်သောသီးနှံဖြစ်သည့်အတွက် ပြည်သူများက အကြိုက်တွေ့ဝယ်ယူ စားသုံးကြကြောင်း၊ နဂါးမောက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းသည် ရာသီဥတုစိုစွတ်အေးမြသောနေရာတွင်သာ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းမှုရှိကြောင်း၊ စိုက်ပျိုးပြီးတစ်နှစ်အကြာတွင် ရောင်းတန်းဝင် နဂါးမောက်သီးများကို စတင်ဆွတ်ခူးရောင်းချရကြောင်းနှင့် တစ်နှစ်လျှင် ငါးကြိမ်ခန့် အသီးများ လှိုင်လှိုင်သီးကြောင်း ပေါင်မြို့နယ် အလှပ်ကျေးရွာမှ တစ်ပိုင်တစ်နိုင် နဂါးမောက်သီးနှံစိုက်ပျိုးသည့် ဒေသခံတောင်သူ တစ်ဦးက ပြောသည်။

နဂါးမောက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းသည် နှစ်ရှည်သီးနှံဖြစ်၍ ဂရုတစိုက် ပြုစုပျိုးထောင်စိုက်ပျိုးပါက မိသားစုဝင်ငွေ တိုးပွားစေမည့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင် အတန်းလိုက်စိုက်ပျိုးရပြီး တစ်ပင်နှင့်တစ်ပင် အနည်းဆုံး ခြောက်ပေကွာ စိုက်ပျိုးလေ့ရှိကြောင်း၊ အသီးအပွင့်များ စတင်ထွက်ရှိလာပါက စင်များပြုလုပ်ပေးရကြောင်း၊ နဂါးမောက်သီးတွင် အဖြူသီးနှင့် အနီသီးဟူ၍ နှစ်မျိုးရှိပြီး အဖြူသီးသည် ချိုပြီးအရသာရှိကာ အနီသီးသည် ကျန်းမာရေးအတွက် ဆေးဘက်ဝင်၍ ပုံမှန်မှီဝဲစားသုံးပါက အစာချေဖျက်အားကောင်းပြီး ဆီး၊ ဝမ်း မှန်စေသည့်အပြင် သွေးတိုး၊ ဆီးချိုရောဂါရှိသူများ စားသုံးပါက ကျန်းမာရေးကောင်းမွန်စေကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

## ညောင်ဦးမြို့နယ်မှ

ကျေးရွာအိမ်ထောင်စု လူဦးရေအလိုက် စနစ်တကျခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် အေးမေတ္တာပရဟိတရေလှူတော်အဖွဲ့ (တောင်ဇင်း) က စေတနာအလှူရှင်များ၏ပံ့ပိုးကူညီမှုဖြင့် မြို့နယ်အတွင်းရှိ သောက်သုံးရေလိုအပ်နေသော ကျေးရွာများ၊ တဲတိုက်များ၊ ဘုန်းတော်ကြီးကျောင်းများနှင့် အခြေခံပညာစာသင်ကျောင်းများကို နေ့စဉ် ရေသယ်ယာဉ် နှစ်စီးဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်မြို့နယ်များသို့ လှည့်လည်ကြည့်ရှု၍ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးထောက်ပံ့

**နေပြည်တော် ဩဂုတ် ၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့သည် ယနေ့ နံနက်ပိုင်းတွင် သာပေါင်းမြို့သို့ သွားရောက်ပြီး အမှတ်(၃)ရပ်ကွက် ဝိသုဒ္ဓါရာမ မြို့မမင်းကျောင်း ဘုန်းကြီးကျောင်းတွင် ဖွင့်လှစ်ထားသည့် ရေဘေးရှောင်စခန်း၌ သာပေါင်းမြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်း ၁၈ ခုမှ ဘေးသင့်ပြည်သူ ၈၉၄ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၈၀၄၆၀၀၀ နှင့် မြို့ပေါ်ရေဘေးရှောင်စခန်းများမှ ဘေးသင့်ပြည်သူ ၂၅၄ ဦးအတွက် ကြက်ဥ ၁၀၁၆ လုံးကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာနှင့် ရေသန့်တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်၍ ဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးတို့ကို အထူးဂရုပြု နေထိုင်ကြရန်တို့ကို မှာကြားပြီး မြို့မမင်းကျောင်း ဆရာတော်အား ဖူးမြော်၍ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



ယင်းနောက် ပုသိမ်မြို့ သမိုင်းဝင်တာဝတိံသာဘုရားကြီးဝင်းအတွင်း ဖွင့်လှစ်ထားသည့် ရေဘေးရှောင်စခန်း၌ မြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်း ၁၇ ခုမှ ဘေးသင့်ပြည်သူ ၉၉၄ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ်၈၉၄၆၀၀၀နှင့် မြို့ပေါ်ရေဘေးရှောင်စခန်းမှ ဘေးသင့်ပြည်သူ ၁၅၂ ဦးအတွက် ကြက်ဥ ၆၀၈ လုံးကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာနှင့် ရေသန့်တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ပြီး နေ့စဉ်လူနေမှုဘဝ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် လိုအပ်ချက်များကို မေးမြန်းအားပေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေပုသိမ်ဧည့်ရိပ်သာ၌ ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ရေကြည်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်များအတွင်းရှိ အခြားသောရေဘေးရှောင်စခန်းများရှိရေဘေးသင့်ပြည်သူများသို့ ထပ်မံထောက်ပံ့ရန် ဆန်ရိက္ခာဖိုးငွေကျပ် ၅၈၉၅၉၀၀၀ နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာပြည်သူများအား နိုင်ငံတော်အကြီးအကဲ၏ အစီအမံဖြင့် ထောက်ပံ့သည့် ငွေကျပ် ၁၅၂၀၀၀၀ တန်ဖိုးရှိ Smart ကျား/မ ရုပ်အင်္ကျီအထည် ၁၀၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်သို့ လွှဲပြောင်းပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ သာသနာ့ဗိမာန်သိမ်တော်ကြီးသို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံကာ မြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်း ၄၁ ခုမှ ဘေးသင့်ပြည်သူ ၆၉၈ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၆၂၈၂၀၀၀ နှင့် ကြက်ဥ ၂၇၉၂ လုံးကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာနှင့် ရေသန့်တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ပြီး နှစ်စဉ်တွေ့ကြုံခံစားနေရသော ရေဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ နောင်နှစ်များတွင် ခံစားရမှုလျော့နည်းသက်သာစေရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထု၊ စေတနာရှင်များ စသည်ဖြင့် အားလုံးဝိုင်းဝန်းဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်များမှ ကြံ့ကြံ့ခံနိုင်သော ရပ်ရွာလူထုများဖြစ်ပေါ်စေရေး ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်မှုများကို ရှင်းလင်းပြောကြားကာ လိုအပ်သည်များမေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ယခု ၂၀၂၄ ခုနှစ် မုတ်သုံကာလ ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုစုစုပေါင်းမှာ ငွေကျပ်သိန်း ၁၅၀၀ ကျော်နှင့် နေရပ်စွန့်ခွာပြည်သူများအတွက် ငွေကျပ်သိန်း ၁၅၀ ကျော်တို့ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လှူဒါန်း

**ဘားအံ ဩဂုတ် ၄**

ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကရင်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော ရှေ့တန်းရောက် မြန်မာ့တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည့်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ငွေကျပ် ၄၇၅ သိန်းတန်ဖိုးရှိစားသောက်ကုန်ပစ္စည်းများကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဇော်မင်းအောင်ထံပေးအပ်ပြီး လှူဒါန်းပေးကြသော ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**ပေးပို့လှူဒါန်း**

ယနေ့ပေးအပ်လှူဒါန်းမှုတွင် ငါးပိကြော်၊ ငါးခြောက်ကြော်၊ အချိုရည်၊ ကော်ဖီမစ်၊ မြေပဲဆားလှော်၊ ခေါက်ဆွဲခြောက်အစရှိသော စားသောက်ဖွယ်ရာခုနစ်မျိုးကို ဝန်ထမ်းများကိုယ်တိုင် စိတ်အားထက်သန်စွာ ကြော်လှော်ချက်ပြုတ်ထုပ်ပိုး၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသော ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




# တနင်္သာရီမြို့၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**တနင်္သာရီ ဩဂုတ် ၄**

တနင်္သာရီ တိုင်းဒေသကြီး တနင်္သာရီမြို့နယ်တွင် ဇူလိုင် ၃၁ ရက်အထိ မြစ်ရေကြီးမြင့်ခဲ့ပြီး ဩဂုတ် ၂ ရက် နံနက်ပိုင်းမှစ၍ မြစ်ရေများ ပြန်လည်ကျဆင်းနေကြောင်း သိရသည်။

သို့ဖြစ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ထူး၏ လမ်းညွှန်မှုဖြင့် ဩဂုတ် ၄ ရက်တွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိဦးဇင်ဦးချို နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်အေးကိုကိုနှင့် တပ်ဖွဲ့ဝင်များ၊ အထက-တနင်္သာရီမှ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက ကျောင်းဝင်းအတွင်း/ အပြင်နေရာများနှင့် စာသင်ဆောင်များအတွင်း ကြမ်းခင်းနှင့် ကျောင်းဆောင်နံရံများတွင် မြစ်ရေကြီးစဉ် တင်ကျန်နေခဲ့သည့် ရွှံ့ညွန်များနှင့် အမှိုက်သရိုက်များကို မီးသတ်ရေယာဉ် ရေပန်းဖြင့် ပက်ဖျန်းဆေးကြောပေးပြီး သန့်ရှင်းရေးလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်ပေးကြကြောင်း သိရသည်။



**နန်းသာရီ-ထိန်ဝင်း (ပြန်/ဆက်)**

# ဟဲဟိုးမြို့မှထွက်ရှိသည့် ပဲထောပတ်များကို မန္တလေးမှ မှာယူမှု များပြား

**ရန်ကုန် ဩဂုတ် ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟဲဟိုးမြို့နယ်မှ ထွက်ရှိသည့် ပဲထောပတ်များကို မန္တလေးမှ မှာယူမှုပိုများကြောင်း ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်မှ သိရသည်။

ပဲထောပတ်မှာ ယခုဩဂုတ်လအတွင်း၌ စတင်ထွက်ပေါ်လာသည့်ပဲဖြစ်သည်။

"ဒီမှာတော့ ဈေးနည်းနည်းကောင်းတယ်။ ပဲထောပတ်က ဒီလ စပေါ်တာပေါ့၊ ဈေးကောင်းရတယ်။ ဒါပေမဲ့ တဖြည်းဖြည်းနဲ့ ဈေးကလျော့လာမှာ။ စားသုံးမှုများတဲ့အထဲမှာပါတယ်။ ထောပတ်ပဲကို မန္တလေးက အတော်ဝယ်ကြတယ်" ဟု ဟဲဟိုးမြို့နယ်ရှိ ရွှေဖူးရှမ်းကုန်ရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ယခုနှစ်တွင် ယခင်နှစ်ကထက် ပဲထွက်ရှိမှု နောက်ကျသဖြင့် ပဲဈေးနှုန်း ပိုမိုကောင်းမွန်လာသော်လည်း လာမည့်လများတွင် ပဲဈေးနှုန်းများလျော့လာမည်ဖြစ်ကြောင်း ဟဲဟိုးမြို့နယ် ပဲမျိုးစုံဈေးကွက်အတွင်းမှ သိရသည်။

"ဒီနှစ်က ပဲထွက်နောက်ကျတယ်။ အရင်နှစ်က ဒီအချိန်ဆို ဗိုလ်ကိတ်ပဲက တော်တော်လှိုင်နေပြီ။ ဒီနှစ်က အထွက်နောက်ကျတာ။ အဲဒါကြောင့် ဈေးလည်းကောင်းတယ်။ ရှေ့လာမယ့်လတွေဆိုဈေးလျော့ဖို့ရှိတယ်။ ရန်ကုန်ကတော့ ပဲထောပတ် သိပ်မစားဘူး။ ရန်ကုန်သုံးတာက ဗိုလ်ကိတ်ပဲကို စားတာများတယ်" ဟု ၎င်းကဆိုသည်။

**Thit Taw**

# ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှသည် စိုက်ပျိုးမွေးမြူရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ဖွံ့ဖြိုးတိုးတက်မှု လင်းရောင်ခြည်များ

အေးမြသည့် ရေငွေ့တို့တိုးဝှေ့မှုကြောင့် ကားအတွင်း အပူရှိန်လျော့ပါးလျက်ရှိရာ ခရီးသွားရသည်မှာ စိတ်အေးသက်သာရှိလှသည်။ မျက်စိတစ်ဆုံးမြင်တွေ့နေရသည့် အမြန်လမ်းမကြီးပေါ်တွင် ယာဉ်များသွားလာလျက်ရှိပြီး ဟိုတစ်ကွက် သည်တစ်ကွက် တိမ်ညိုတို့အုံ့ဆိုင်းလျက် မိုးဖွဲဖွဲရွာသွန်းနေသည့်အလှသည် မိုးရာသီ၏သရုပ်ကို ပေါ်လွင်စေလျက်ရှိသည်။ ယခုရက်ပိုင်း ရန်ကုန်မြို့တွင် မိုးမပြတ်ရွာသွန်းလျက်ရှိပြီး ပဲခူးတိုင်းဒေသကြီးတွင်လည်း ထိုနည်းတူပင်ဖြစ်သည်။ အမြန်လမ်းမကြီးတစ်လျှောက် ကားလမ်းဝဲ/ယာ သစ်ပင်တန်းများမှာ မိုးဖွဲတို့ဆွတ်ဖျန်းထားမှုကြောင့် စိမ်းစိုလျက်ရှိပြီး သစ်ပင်အချို့အောက်တွင် ခရီးသွားယာဉ်အချို့ ရပ်တန့်၍ ခေတ္တအနားယူကြလျက်ရှိသည်။

အမြန်လမ်းမကြီး ဝဲဘက်တွင်ရှိသည့် အလယ်ရိုးမပေါ်တွင် မြူငွေ့များရစ်သိုင်းတွဲခိုလျက်ရှိပြီး နိုင်ငံ၏ သဘာဝသစ်တောများ ကြွယ်ဝတည်ရှိနေမှုကို အမြန်လမ်းမကြီးမှ ဖြတ်သန်းသွားလာသူအပေါင်းအား ဝင့်ကြွားစွာထုတ်ဖော်ပြသလျက်ရှိသည်။ သစ်တောသစ်ပင်ပေါ်များမှုသည် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုမှန်ကန်မှုကို ပြသခြင်းဖြစ်၍ နိုင်ငံ၏သစ်တောသစ်ပင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေမှုကို ထိုတောင်တန်းများက သက်သေပြလျက်ရှိသည်။ ဖြူးမြို့သည် အမြန်လမ်း ၁၁၅ မိုင်အနီးတွင်တည်ရှိပြီး မိုးရာသီတွင် မိုးကောင်းသောဒေသဖြစ်၍ မိုးစပါးအောင်မြင်ဖြစ်ထွန်းရာ ဒေသတစ်ခုလည်းဖြစ်သည်။ အလယ်ရိုးမမှ စီးဆင်းလာသောရေကို ဖြူးမြို့၏အနောက်ဘက် ခုနစ်မိုင်ခန့်အကွာ ဖြူးချောင်းပေါ်တွင်ဖြူးချောင်းရေလှောင်တမံဖြင့် ထိန်းသိမ်းထားရှိပြီး နွေရာသီ၌ နွေစပါးများအတွက် ဆည်ရေများပို့လွှတ်ပေးနေသည့်အပြင် ရေအားလျှပ်စစ်ထုတ်၍ နိုင်ငံတော်ဓာတ်အားလိုင်းအတွင်းပို့လွှတ်ကာ ပြည်သူတို့လိုအပ်သော လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးရာ ဆည်တမံတစ်ခုလည်းဖြစ်သည်။

## စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို အရှိန်မြှင့်တင်ဆောင်ရွက်

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး အများစု၏ စီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်သည်။ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)၏ ၃၀ ရာခိုင်နှုန်းခန့်ကို လယ်ယာကဏ္ဍမှ ရရှိလျက်ရှိသည်။


စိုက်ပျိုးရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်မှုအတွက် အကျိုးပြုနေသည့် ဖြူးချောင်းရေလှောင်တမံကို တွေ့ရစဉ်။

နိုင်ငံတော်အနေဖြင့် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ် ထွန်းကားစေခြင်းဖြင့် ပြည်တွင်းစားရေရိက္ခာဖူလုံ၍ အာဟာရပြည့်ဝပြီး ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးနှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ အောင်မြင်ဖြစ်ထွန်းရန် ဖော်ဆောင်ကြိုးပမ်းရာ၌ တောင်သူတို့ရာသီမပြတ် သီးထပ်စိုက်ပျိုးထုတ်လုပ်နိုင်မှုအပေါ်တွင် မူတည်လျက်ရှိသည်။ အထူးသဖြင့် စိုက်ပျိုးရေလိုအပ်ချက်ရှိသည့် နွေရာသီတွင် ဆည်တမံများ၏ အခန်းကဏ္ဍသည် အထူးအရေးပါလျက်ရှိသည်။ ရာသီမပြတ်သီးနှံစိုက်ပျိုးနိုင်မှုသည် နိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍတွင် ထုတ်ကုန်တန်ဖိုး တိုးမြှင့်ထုတ်လုပ်နိုင်မှုကို တိုက်ရိုက်ထိရောက်စွာ အကျိုးပြုလျက်ရှိရာ နိုင်ငံတစ်ဝန်း၌ တောင်သူတို့ အားပြုစိုက်ပျိုးလေ့ရှိသည့် နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရန် ရေလှောင်တမံများသည် တောင်သူတို့အတွက် အိုအေစစ်သဖွယ် အရေးပါလာခြင်းဖြစ်သည်။

## ဆန်စပါးကို ပြည်ပပို့ကုန်အဖြစ် ထုတ်လုပ်တင်ပို့နိုင်

ပဲခူးတိုင်းဒေသကြီးရှိ ဖြူးမြို့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရာသီအလိုက်သီးနှံများ လှိုင်လှိုင်ထွက်ရှိခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးမှ စီးပွားရေးပွင့်လန်းရာ မြို့လည်းဖြစ်သည်။ ယခင်က မိုးစပါးနှင့် ဆောင်းသီးနှံကိုသာ အမှီပြုခဲ့ရာမှ နိုင်ငံတော်က ဖော်ဆောင်ပေးခဲ့သည့် ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်း၏ အကျိုးကျေးဇူးဖြင့် တောင်သူများ ရာသီမရွေးစိုက်ပျိုးရေရရှိမှုကြောင့် ယခင်ကထက် စိုက်ပျိုးမွေးမြူရေးကို ပိုမိုအာရုံပြုလာကြခြင်းဖြစ်သည်။ ယခုလိုမိုးရာသီတွင် စပါးခင်းများ စိမ်းလန်းစိုပြည်လျက်ရှိပြီး ကြက်၊ ဝက်၊ ဘဲနှင့် ငါးမွေးမြူရေးလုပ်ငန်းများ ဟန်ချက်ညီမှုဖြင့် တိုင်းဒေသကြီးအတွင်း ဝမ်းစာဖူလုံစေသည့်အပြင် ဆန်စပါးကို ပြည်ပပို့ကုန်အဖြစ် ထုတ်လုပ်တင်ပို့နိုင်လျက်ရှိသည်။ ပဲခူးတိုင်းဒေသကြီးတွင်ပါဝင်သော အမြန်လမ်းမကြီး မိုင်တိုင် ၁၁၄ မိုင်၏ အနောက်ဘက် ငါးမိုင်ခန့်အကွာတွင်တည်ရှိသည့် ဖြူးချောင်းရေလှောင်တမံသည် ဖြူးမြို့နယ်၏ စိုက်ပျိုးမွေးမြူရေးကို အကျိုးပြုလျက်ရှိသည့်အပြင် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းဖြင့် ဘက်စုံစီမံကိန်း၏ အသီးအပွင့်ကို ဒေသခံပြည်သူများ ခံစားရရှိကြသည်။ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတွင် လိုအပ်နေသည့် ဒေါက်တိုင်တစ်ခုကို တာဝန်ကျေကျေ ဟန်ချက်ညီစွာဖြင့် လက်တွဲစိုက်ထူထမ်းပိုးခဲ့ကြသည့် အကျိုးရလဒ်တစ်ခုပင်ဖြစ်သည်။

ဖြူးချောင်းရေလှောင်တမံသည် ဇုန်အမျိုးအစားကျောက်ဖြည့်တမံဖြစ်ပြီး ရေလှောင်တမံ၏အလျားမှာ ပေ ၁၀၂၀ ရှိကာ ရေလှောင်တမံအမြင့်သည် ၂၄၅ ပေမြင့်သည်။ ဖြူးမြို့နယ်သည် နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၁၀၀ လက်မ ရရှိလေ့ရှိရာ တမံအတွင်း၌ နှစ်စဉ်ပျမ်းမျှ ဧကပေ ၆၆၈၀၀၀ ရေစီးဝင်လျက်ရှိပြီး


ဖြူးမြို့နယ်၌ မိုးရာသီစိုက်ပျိုးထားသည့် စပါးခင်းများကိုတွေ့ရစဉ်။

### သတင်းဆောင်းပါး-မြင့်မြတ်သစ္စာ
### ဓာတ်ပုံ - ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန

ကန်ရေပြည့်ရေလှောင်ပမာဏဖြစ်သော ဧကပေ ၆၃၂၅၃၀ သိုလှောင်ထားနိုင်ကာ ရေဆင်းဧရိယာသည် ၄၂၂ စတုရန်းမိုင် ကျယ်ဝန်းသည်။ ရေပိုလွှဲသည် သံကူကွန်ကရစ်(Ogee Crest)အမျိုးအစားဖြစ်ပြီး ရေပိုလွှဲအကျယ် ၁၀၀ ပေမှ ရေထုစီးနှုန်း ၂၃၀၅၀ ကုဗပေ/စက္ကန့်ဖြင့် တမံရေပြည့်ချိန်တွင် ထပ်မံဝင်ရောက်လာနိုင်သည့် ရေများကို ထုတ်နုတ်နိုင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။

ရေယူအဆောက်အအုံသည် သံကူကွန်ကရစ်ဖြစ်ပြီး အလျား ပေ ၇၀၊ အနံ ၄၈ ပေနှင့် အမြင့် ၄၈ ပေရှိ၍ ရေထိန်းတံခါးပွင့်သည် အချင်း ၂၇ ပေ၊ အမြင့် ပေ ၁၃၀ နှင့် ရေသွယ်ဥမင်လိုဏ်ခေါင်းသည် အချင်း ၁၈ ပေနှင့် အလျား ပေ ၂၀၀၀ ရှည်လျားသည်။ အချင်း ၅ ဒသမ ၆ မှ ၁၈ ဒသမ ၄ ပေရှိသော ဖိအားမြင့်သံမဏိပိုက်လိုင်းတပ်ဆင်ထားပြီး ပိုက်လိုင်းအရှည် ၅၆၇ ပေ ရှိသည်။ ဓာတ်အားပေးစက်ရုံသည် အလျား ပေ ၁၃၀၊ အနံ ပေ ၁၁၀ နှင့် အမြင့် ပေ ၁၁၀ ရှိပြီး တာဘိုင်သည် Francis – Vertical Shaft အမျိုးအစားဖြစ်ပြီး တာဘိုင်မှ ၂၀၃၁ ဒသမ ၆၅ ကုဗပေ(တစ်စက္ကန့်) ရေစီးနှုန်းကို ပေးစွမ်းလျက်ရှိသည်။ တပ်ဆင်ထားသော စက်စွမ်းအားသည် ၂၀ မဂ္ဂါဝပ်နှစ်လုံးဖြင့် ၄၀ မဂ္ဂါဝပ်ဖြစ်ပြီး ရေအားလျှပ်စစ်ဖြင့် နှစ်စဉ်ပျမ်းမျှဓာတ်အား ကီလိုဝပ်နာရီ သန်း ၁၂၀ ထုတ်လုပ်ပေးလျက်ရှိကာ ကေဗွီ ၂၃၀ တောင်ငူလိုင်းမှ နိုင်ငံတော်ဓာတ်အားလိုင်းအတွင်းသို့ ပို့လွှတ်ပေးလျက်ရှိသည်။

ဆည်ရေသောက်စနစ်အပြင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းကို ၂၀၀၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသည့်အတွက် ဩဂုတ်လ ၂၉ ရက်နေ့၌ ၂၀ မဂ္ဂါဝပ် နှစ်လုံးဖြင့် လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်နိုင်ခဲ့သည်။ ဖြူးချောင်းရေလှောင်တမံသည် အလယ်ရိုးမမှ စီးဆင်းလာသောရေကို သိုလှောင်ထိန်းညှိပေးနိုင်မှုဖြင့် ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍသာမက လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးရာ ရေလှောင်တမံတစ်ခုအဖြစ် နိုင်ငံနှင့်ပြည်သူကို အကျိုးပြုလျက်ရှိသည်။

စာမျက်နှာ ၇ သို့ ❐

**“ဆည်ရေသောက်စနစ်အပြင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းကို ၂၀၀၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသည့်အတွက် ဩဂုတ်လ ၂၉ ရက်နေ့၌ ၂၀ မဂ္ဂါဝပ် နှစ်လုံးဖြင့် လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်နိုင်ခဲ့သည်။ ဖြူးချောင်းရေလှောင်တမံသည် အလယ်ရိုးမမှ စီးဆင်းလာသောရေကို သိုလှောင်ထိန်းညှိပေးနိုင်မှုဖြင့် ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍသာမက လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးရာ ရေလှောင်တမံတစ်ခုအဖြစ် နိုင်ငံနှင့်ပြည်သူကို အကျိုးပြုလျက်ရှိ”**

❒ စာမျက်နှာ ၆ မှ

### အစိမ်းရောင်စီးပွားရေးမြို့တော်အဖြစ် တွေ့မြင်လာရမည်

ဖြူးချောင်းရေလှောင်တမံစီမံကိန်းတွင် လက်ရှိလုပ်ငန်းပြီးစီးမှုအရ လယ်မြေဧက ၃၀၀၀၀ ကို ရေပေးဝေလျက်ရှိပြီး လုပ်ငန်းအားလုံးပြီးစီးသွားပါက လယ်ဧက ၉၀၀၀၀ ကို ရေပေးဝေနိုင်မည်ဖြစ်သည်။ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းတွင် တူးမြောင်းမကြီး နှစ်ခု၊ မြောင်းခွဲတစ်ခု၊ လက်တံမြောင်း ၂၄ ခု၊ လက်တံမြောင်းခွဲ ၂၀၆ ခုဖြင့် စုစုပေါင်း ၄၇၂ မိုင်နှင့် တူးမြောင်းအဆောက်အအုံ ၃၅၉၅ ခုကိုလည်း အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်ရာ လုပ်ငန်းပြီးစီးပါက ရာသီမပြတ်စိုက်ပျိုးထုတ်လုပ်နိုင်သည့် အစိမ်းရောင်စီးပွားရေးမြို့တော်အဖြစ် တွေ့မြင်လာရမည်ဖြစ်သည်။ ဖြူးချောင်းရေအားလျှပ်စစ်စက်ရုံမှထွက်ရှိသော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အား ကွန်ရက်စနစ်မှတစ်ဆင့် တစ်နိုင်ငံလုံးသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်း၊ စစ်တောင်းမြစ်ဝှမ်းလွင်ပြင်ကို ရေလွှမ်းမိုးမှုမှ ကာကွယ်ပေးနိုင်ခြင်းအပြင် ဖြူးမြို့နယ်အတွင်းရှိလယ်မြေများ သီးထပ်စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေကို ထိရောက်စွာပေးဝေနိုင်ခြင်း စသည့်အကျိုးကျေးဇူးတို့ကို ခံစားရလျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၁)မှ ညွှန်ကြားရေးမှူး ဦးအောင်မြတ်မျိုးက အဓိကအနေဖြင့် တည်ဆောက်ပြီးရေလှောင်တမံများ ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် ဂရုတစိုက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိကာ နိုင်ငံအတွင်းရှိပြည်သူများ စားဝတ်နေမှုဖူလုံရေးအတွက်ဆည်များတည်ဆောက်ပေးခြင်းဖြင့် ရေဘေးကာကွယ်ရေးအတွက်လည်း အကျိုးကျေးဇူးများသည့်အပြင် လျှပ်စစ်ဓာတ်အား ပြည့်စုံစွာရရှိခြင်း၊ တောင်သူလယ်သမားများ လိုအပ်သော စိုက်ပျိုးရေနှင့် သောက်သုံးရေပေးဝေခြင်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများတွင် လိုအပ်သည့် လျှပ်စစ်ဓာတ်အား ပြည့်စုံစွာရရှိခြင်းတို့ကြောင့် များစွာအကျိုးရှိကြောင်း၊ အကယ်၍ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ရေကြီးမှု၊ ရေရှားပါးမှုတို့ကိုလည်း အထိုက်အလျောက် ကာကွယ်ပေးနိုင်မည်ဖြစ်သဖြင့် ဖြူးချောင်းရေလှောင်တမံသည် အကျိုးကျေးဇူးများသော ဘက်စုံရေလှောင်တမံ စီမံကိန်းတစ်ခုလည်းဖြစ်ကြောင်း ပြောကြားသည်။

ဖြူးချောင်းရေလှောင်တမံ စီမံကိန်း၏ တည်ဆောက်ရေး(၁)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ဘက်စုံစီမံကိန်းလုပ်ငန်းဖြစ်သည်နှင့်အညီ ဖြူးချောင်းရေလှောင်တမံသည် အကျိုးကျေးဇူးရှိကြောင်း၊ တမံအများစုတွင် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းဖြစ်စေ၊ ဆည်ရေသောက်စနစ်မှ ရေပေးဝေခြင်းဖြစ်စေ သီးခြားဆောင်ရွက်ရလေ့ရှိသော်လည်း ဤဆည်တမံသည် စိုက်ပျိုးရေပေးဝေမှုအပြင် ရေအားလျှပ်စစ်ကိုလည်း ထုတ်လုပ်ပေးသည့်အတွက် ဘက်စုံရေလှောင်တမံစီမံကိန်း(Multipurpose Dam Project )တစ်ခုလည်းဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားတစ်နှစ်လျှင် ကီလိုဝပ်နာရီ သန်း ၁၂၀ ထုတ်လုပ်လျက်ရှိကာ တောင်ငူ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းမှ နိုင်ငံတော်ဓာတ်အားလိုင်းစနစ်သို့ ပို့လွှတ်ပေးလျက်ရှိကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ရာမှ ကျဆင်းလာသောရေများကို ချောင်းအောက်ဘက်တွင် ရေလွှဲဆည်ဖြင့်ခံ၍ ထိုရေလွှဲဆည် တစ်ဖက်တစ်ချက်ရှိ လက်ဝဲမြောင်းနှင့် လက်ယာမြောင်းတို့မှ ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်အတွင်းရှိ လယ်မြေဧက ၉၀၀၀၀ ခန့်ကို ရေပေးဝေနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နှစ်စဉ်ရေလွှမ်းမိုးမှုကိုလည်း ကာကွယ်ပေးလျက်ရှိကြောင်း၊ တည်ဆောက်ပြီးလက်ဝဲမြောင်းနှင့် လက်ယာမြောင်းမှ လယ်မြေဧက ၃၀၀၀၀ ခန့်ကို ရေပေးဝေလျက်ရှိပြီး စီမံကိန်း၏ ဆည်ရေသောက်စနစ်သုံးပုံနှစ်ပုံကို ဆက်လက်ဆောင်ရွက်ရန် လိုသေးကြောင်း။



စိုက်ပျိုးရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်မှုအတွက် အကျိုးပြုနေသည့် ဖြူးချောင်းရေလှောင်တမံကို တွေ့ရစဉ်။

စီမံကိန်းလျာထားချက်ဖြစ်သော လယ်ဧက ၉၀၀၀၀ ခန့်အတွက် မြောင်းခွဲနှင့် လက်တံမြောင်းများ အားလုံးတည်ဆောက်ပြီးပါက စိုက်ပျိုးရေပေးဝေနိုင်ခြင်းဖြင့် ပဲခူးတိုင်းဒေသကြီးတွင် စပါးနှင့်ပဲမျိုးစုံအောင်မြင်ဖြစ်ထွန်းလာပြီး တောင်သူတို့၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ နှစ်စဉ်ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ နွေစပါးအတွက် စိုက်ပျိုးရေကိုပေးဝေလျက် ရေအားလျှပ်စစ်ကိုလည်း စဉ်ဆက်မပြတ် ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ယခုဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ထူးခြားချက်သည် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း စိုက်ပျိုးရေနှင့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေပေးဝေခြင်းနှင့် ရေအားလျှပ်စစ်ထုတ်လုပ်မှုသာမက ငါးမွေးတောင်သူများနှင့် မွေးမြူရေးတောင်သူတို့ အသုံးပြုနိုင်ရန်အတွက်လည်း ဆည်ရေပို့လွှတ်ပေးလျက်ရှိကြောင်း ပြောကြားသည်။

#### ရေကြီးနစ်မြုပ်မှုမှကင်းဝေးခဲ့

ဖြူးချောင်းနှင့် စစ်တောင်းမြစ်ဆုံရာ လွင်ပြင်သည် မိုးရာသီ၌ ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်လေ့ရှိရာ ဖြူးချောင်းရေလှောင်တမံ တည်ဆောက်ပြီးချိန်မှစ၍ ရေစီးဆင်းမှုကို ထိန်းညှိပေးခဲ့သည့်အတွက် ရေကြီးနစ်မြုပ်မှုမှကင်းဝေးခဲ့ပြီး ရေဘေးအန္တရာယ်ကိုလည်း ဒေသခံများကျော်လွှားနိုင်ခဲ့သည့်အပြင် စိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုကိုလည်း ဖြူးချောင်းရေလှောင်တမံစီမံကိန်းမှ ကာကွယ်ပေးနိုင်ခဲ့ခြင်းကြောင့် နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးကျေးဇူးများစွာ ရရှိလျက်ရှိသည်။

ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ စက်ရုံမှူး ဦးမင်းသူအောင်က ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်သည့် ရည်ရွယ်ချက်တို့တွင် စက်ရုံကထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားကွန်ရက်မှတစ်ဆင့် တစ်နိုင်ငံလုံး ဓာတ်အားဖြန့်ဖြူးပေးရန်လည်း ပါဝင်ကြောင်း၊ စစ်တောင်းမြစ်ဝှမ်း ရေလွှမ်းမိုးမှုဒဏ်မှ ကာကွယ်ပေးနိုင်ရန်နှင့် ဖြူးနှင့် ဇေယျာဝတီမြို့မှ တောင်သူများလိုအပ်သည့် စိုက်ပျိုးရေရရှိရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် စစ်တောင်းမြစ်ဝှမ်းတွင် နွေစပါးကို အပြည့်အဝစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေပေးဝေမှုနှင့်အတူ နိုင်ငံတော်အတွက်လိုအပ်သော လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်ရန်ဖြစ်ကြောင်း၊ ဘက်စုံစီမံကိန်း လုပ်ငန်းဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် ပြည်သူအတွက် ဘက်စုံကူညီဆောင်ရွက်ပေးနိုင်ရန် အကောင်အထည်ဖော်ထားသော ရေလှောင်တမံဖြစ်ကြောင်း၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ကြီးများကို နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့်အညီ မောင်းနှင်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိကာ နိုင်ငံတော်ဓာတ်အားပေးစနစ်အတွင်းသို့ ၂၀၁၄ ခုနှစ် ဩဂုတ်လမှစ၍ ပို့လွှတ်ပေးနိုင်ခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ကြီးများ၏ အစိတ်အပိုင်းစနစ်များကို အဆင့်မြှင့်တင်ခြင်းစီမံကိန်းလည်းရှိကြောင်း၊ မိုးရာသီတွင် ဖြူးဒေသသည် မိုးများသည့်အတွက် လျှပ်စစ်ဓာတ်အားကို တမံအတွင်းရေဝင်ရောက်မှုအပေါ်မူတည်၍ ပိုမိုထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုလို ဒေသခံပြည်သူတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေးအတွက်သာမက နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို တစ်စိတ်တစ်ပိုင်း ဖြည့်ဆည်းထမ်းဆောင်ခွင့်ရရှိမှုအပေါ် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ပြောကြားသည်။

#### ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ပြီးစီးခဲ့

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ၁၉၆၄ ခုနှစ် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တွင် စတင်တင်သွင်းခဲ့သည့် စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပါဝင်သော ဘက်စုံစီမံကိန်းတစ်ခုဖြစ်သည်။ ၂၀၀၀ ပြည့်နှစ် တတိယ လေးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး လမ်းညွှန်မှုအရ စတင်အကောင်အထည်ဖော်ခဲ့သည့် စီမံကိန်းဖြစ်သည်။ ဖြူးချောင်းပေါ်တွင် စီမံကိန်းစတင်နိုင်ရန် စူးစမ်းလေ့လာမှုများပြုလုပ်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တမံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ပြီးစီးခဲ့ကာ ရေလွှဲဥမင်ကို အပြီးသတ်ပိတ်၍ ရေစတင်သိုလှောင်နိုင်ခဲ့သည်။ ရေပိုလွှဲဆည် တည်ဆောက်ခြင်းလုပ်ငန်းကိုလည်း ထိုနှစ်တွင် ရာနှုန်းပြည့် ပြီးစီးအောင်မြင်ခဲ့ခြင်းဖြစ်သည်။

တောင်သူတို့လိုအပ်သည့်စိုက်ပျိုးရေ ချိန်ခါမရွေးရရှိနိုင်ရန် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ကျန်ရှိနေသောလုပ်ငန်းများ ပြည့်စုံစွာပြီးစီးသွားပါက ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်အတွင်းရှိ လယ်ဧက ၉၀၀၀၀ ခန့်ကို စိုက်ပျိုးရေဆက်လက်ပို့လွှတ်သွားနိုင်မည့်အပြင် ရေလွှမ်းမိုးမှုကိုလည်း ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ဒေသခံတောင်သူများ သီးထပ်/သီးညှပ် စိုက်ပျိုးထုတ်လုပ်နိုင်မှုဖြင့် ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေမည့်အပြင် ရေသောက်စနစ်တွင် ကုန်ထုတ်လမ်းများနှင့် တံတားများပါဝင်သည့်အတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ဒေသထွက်ကုန်များ မြန်ဆန်စွာပို့ဆောင်နိုင်ကာ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာစေမည်ဖြစ်သည်။

ဆည်တမံတို့၏အကျိုးကျေးဇူးကြောင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေလျက် ကျန်းမာပျော်ရွှင်သော လူမှုဘဝဝန်းကျင်ကို တည်ဆောက်နိုင်ခြင်းသည် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၌ လူ့စွမ်းအားအရင်းအမြစ်ကို အကျိုးရှိစွာအသုံးပြုနိုင်ခြင်းပင်ဖြစ်သည်။ တောင်သူများဆန်စပါးနှင့် ပဲမျိုးစုံစိုက်ပျိုးနိုင်ရန် လိုအပ်သောစိုက်ပျိုးရေကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အစဉ်မပြတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးစွမ်းအားပြည့်ထွန်းကားဟူသော ဆောင်ပုဒ်နှင့်အညီ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ထိုဒေသ၏ စိုက်ပျိုးမွေးမြူရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်မှု၏ လင်းရောင်ခြည်များ ယှက်သန်းလျက်ရှိနေပါကြောင်း ရေးသားလိုက်ပါသည်။ ။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၇၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ် ၅ ရက်မှ ဩဂုတ် ၁၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၇၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံရေးပါတီ (၂၅)ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

**နိုင်ငံရေးပါတီ (၂၅) ပါတီ၏**
**ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်**
**၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ( ၁၅ ) ရက်**
**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ( ၄ ) ရက်**

၁။ အကြမ်းဖက်သောင်းကျန်းသူများဖြစ်သည့် MNDAA၊ AA၊ TNLA နှင့် ၎င်းတို့နှင့်ဆက်နွှယ်သော လက်နက်ကိုင်အဖွဲ့အစည်းများသည် ( ၂ - ၈ - ၂၀၂၄ )ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ရှိ အမှတ်(၉)ဆေးရုံ ခုတင်(၁၀၀)အား လက်နက်ကြီး/ရှော့တိုက်ဒုံး/Drone/လက်နက်ငယ်မျိုးစုံတို့ဖြင့် ဆင်ခြင်မဲ့ရက်စက်ကြမ်းကြုတ်စွာ ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

၂။ အထက်ဖော်ပြပါ အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးပစ်မှတ်မဟုတ်သော ဆရာဝန်/သူနာပြုအပါအဝင် ဝန်ထမ်းများ၊ အရပ်သူ အရပ်သားလူနာများ၊ ကလေးသူငယ်များ၊ ရင်ခွင်ပိုက်ကလေးများ အပါအဝင် အပြစ်မဲ့ပြည်သူများစွာအား ရက်စက်စွာ အနီးကပ်ပစ်ခတ်သတ်ဖြတ်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင် အပါအဝင် လူနာအချို့အား ဖမ်းဆီးခေါ်ဆောင်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

၃။ ဤဖြစ်ရပ်သည် လူသားမဆန်သည့် ဆိုးဝါးသော အကြမ်းဖက်မှုဖြစ်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကိုလည်းကောင်း၊ ပြည်တွင်းရှိတည်ဆဲဥပဒေများကိုလည်းကောင်း၊ နိုင်ငံတကာလူ့အခွင့်အရေး ကြေညာစာတမ်းပါ အခြေခံလူ့အခွင့်အရေးများကိုလည်းကောင်း ရည်ရွယ်ချက်ရှိရှိ ချိုးဖောက်ခဲ့ကြခြင်း ဖြစ်ပါသည်။

၄။ ထိုအကြမ်းဖက်သောင်းကျန်းသူများနှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများအား အကြမ်းဖက်သောင်းကျန်းသူများအဖြစ်သတ်မှတ်၍ ပြည်တွင်းဥပဒေများအရ အရေးယူဆောင်ရွက်ပေးပါရန်နှင့် ပြည်တွင်း၌သာမက နိုင်ငံတကာမှလည်း အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် သတ်မှတ်၍ အရေးယူပိတ်ဆို့ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားသင့်ပါကြောင်း သုံးသပ်ရရှိပါသည်။

၅။ သို့ဖြစ်ပါ၍ အကြမ်းဖက်သောင်းကျန်းသူများဖြစ်သည့် MNDAA၊ AA၊ TNLA နှင့် ၎င်းတို့နှင့် ဆက်နွှယ်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ လူမဆန်စွာ အကြမ်းဖက်ရက်စက်ယုတ်မာသည့် လုပ်ရပ်များကို မိမိတို့နိုင်ငံရေးပါတီများအနေဖြင့် သန်းပေါင်းများစွာသော ရဟန်း၊ ရှင်၊ လူ၊ ပြည်သူများကို ကိုယ်စားပြု၍ လုံးဝ(လုံးဝ)လက်မခံ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း အောက်တွင် လက်မှတ်ရေးထိုး သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်-

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးငွေကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၄။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၅။ | ဦးဦးသန်းငွေ | ဒုတိယဥက္ကဋ္ဌ | ခမိအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၆။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၇။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ | |
| ၈။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၉။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၀။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | |
| ၁၁။ | ဦးစိုင်းအောင်မြင့်နိုင် | တွဲဖက်အတွင်းရေးမှူး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | |
| ၁၂။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၃။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို၀တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၄။ | ဦးခိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၅။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၆။ | ဦးအောင်ဘ | ဗဟိုအလုပ်အမှုဆောင် | ခူမီး အမျိုးသားပါတီ | |
| ၁၇။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | |
| ၁၈။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ | |
| ၁၉။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၀။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၁။ | ဦးသန်းဦး | ဒုတိယဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၂။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား နိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၃။ | ဦးပါစီပြည်ဟိန်း | ဥက္ကဋ္ဌ | လူထုပါတီ | |
| ၂၄။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |
| ၂၅။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | |

## မိုးနဲမြို့နယ်၌ ကျေးရွာကုန်ထုတ်လမ်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

မိုးနဲ ဩဂုတ် ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၁၇ ဒသမ ၄၆၆ သန်းဖြင့် ကုန်းကျောင်းကျေးရွာ ကုန်ထုတ်လမ်း အရှည်နှစ်မိုင်၊ အကျယ် ၃၂ ပေနှင့် လမ်းဘေး(ဝဲ/ယာ) ရေမြောင်း အနက်နှစ်ပေ၊ အကျယ်နှစ်ပေ ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။



**ရှင်းလင်းတင်ပြ**

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအာကာဖြိုးက ရှင်းလင်းတင်ပြရာ နမ့်စန်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခွန်မြင့်သောင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါကျေးရွာ ကုန်ထုတ်လမ်း ပြီးစီးသွားပါက ကျေးရွာနေအိမ်ခြေ ၇၀၊ အိမ်ထောင်စု ၇၅ စု၊ လူဦးရေ ၃၅၇ ဦး၏ လမ်းပန်းဆက်သွယ်ရေး၊ လူနေမှုအဆင့်နှင့် ကုန်စည်စီးဆင်းမှုများ မြန်ဆန်လွယ်ကူလာမည် ဖြစ်ကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

## ကွမ်းခြံကုန်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပထမသုံးလပတ် ဌာနတွင်းစာရင်း/ဇယားများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို မေးမြန်းဆွေးနွေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ကွမ်းခြံကုန်းမြို့နယ် တော်ကူးအနောက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးမည့်အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများနှင့် အတိုးနှုန်းသတ်မှတ်မည့် အခြေအနေများကို လုပ်ငန်းအဖွဲ့ဝင်များကတင်ပြရာ ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ၂၂၂

# MNDAA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝ လက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့ ၅ ခုမှ သဘောထားများ ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၄

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း တိုက်ပွဲများဖော်ဆောင်ပြီး စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံအား ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင်တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အစမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့ပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရသည်။

ယခုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု(War Crime) မြောက်သည့် လူမဆန်စွာ ရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝ လက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်းကို ယနေ့တွင် အသင်းအဖွဲ့များဖြစ်သည့် မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီနှင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းတို့က သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံဆေးကောင်စီ၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAAသောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းကို မြန်မာနိုင်ငံဆေးကောင်စီက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကိုလည်း ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဆေးကောင်စီ

## မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၏ သဘောထားထုတ်ပြန်ချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်ရှိ တပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အစမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ဆေးရုံအဆောက်အဦ နေရာများသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် တက်ရောက်ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရမှုနှင့် MNDAA အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသောကြောင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ

## မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း၏ သဘောထားထုတ်ပြန်ချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုကို မည်သည့်အရပ်ဒေသ၊ မည်သည့်အခြေအနေတွင်မဆို ရယူခွင့် ရှိရပါမည်။

ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဆေးရုံကို လက်နက်ဖြင့် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်း၊ လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများ ထိခိုက်သေဆုံးမှုဖြစ်စေခြင်း စသည်တို့အား မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းအနေဖြင့် လုံးဝဆန့်ကျင်ကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း

## မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား သာလွန်အင်အားဖြင့် ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လူမဆန်စွာ ရက်ရက်စက်စက် ပစ်သတ်ခြင်းများကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူလူနာများ၊ လူနာစောင့်များ၊ ဆရာဝန်နှင့် သူနာပြုများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့လည်း ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်လျက် လူမှုဘဝများ ဆုံးရှုံးနေကြကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က စစ်ရေးနှင့် မသက်ဆိုင်သော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူနာများ တက်ရောက်ကုသမှုခံယူနေသည့်ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့မှု လုပ်ရပ်များ၊ စစ်ရေးနှင့် မသက်ဆိုင်သည့် လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှု လုပ်ရပ်များသည် စစ်ရာဇဝတ်မှု(War Crime) ကို ကျူးလွန်နေခြင်းဖြစ်သောကြောင့် ၎င်းအကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းက လုံးဝ(လုံးဝ)လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း

## မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီသည် နိုင်ငံတော်အတွင်းရှိ ပြည်သူလူထုများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဘေးကင်းလုံခြုံပြီး အရည်အသွေးပြည့်မီစွာ ပြုစုစောင့်ရှောက်နိုင်ရန် အားပေးဆောင်ရွက်လျက်ရှိပါသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား MNDAA- အကြမ်းဖက် သောင်းကျန်းသူများက လက်နက်ကြီးများ၊ ရှော့တိုက်ဒုံးများ၊ Drone များနှင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု၊ ကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ကျန်းမာရေးဝန်ထမ်းများ ထိခိုက်သေဆုံးခြင်း၊ ဒဏ်ရာရခြင်း၊ အစမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသဖြင့် များစွာစိတ်မကောင်းဖြစ်ရပါသည်။

ယခုကဲ့သို့ နာမကျန်း၍ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူနေသော အပြစ်မဲ့ဒေသခံလူနာများနှင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများအား ထိခိုက်နာကျင်မှု၊ သေဆုံးမှုများ ဖြစ်ပေါ်စေ၍ "လူသားချင်းစာနာထောက်ထားမှုမရှိသည့် အကြမ်းဖက်လုပ်ရပ်များအား လုံးဝလက်မခံ ကန့်ကွက်ပါကြောင်းနှင့် ရှုတ်ချပါကြောင်း" မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီမှ သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ

## ရေဝတီမြစ်ရေကြီးခြင်း သတိပေးချက်

နေပြည်တော် ဩဂုတ် ၄

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရေဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၃ ပေ (၁၃၄၂ စင်တီမီတာ) အောက် လေးလက်မခန့် ( ၉ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရေဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ)အောက် ပေဝက်ခန့် (၁၅ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟသ်ာတမြို့နယ်နှင့် ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

မိုး/ဇလ

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် အားကစားနှင့်ကာယပညာသိပ္ပံ(ပုသိမ်) မိုးလုံလေလုံအားကစားရုံ ပန္နက်တင်မင်္ဂလာအခမ်းအနားတက်ရောက်

ပုသိမ် ဩဂုတ် ၄

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(ပုသိမ်) မိုးလုံလေလုံအားကစားရုံ ပေ(၁၂၀x၉၀) ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကြခတ်ချောင်ကျေးရွာရှိ အဆိုပါအဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပရာ ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်သည်။

ဦးစွာ ရှင်းလင်းဆောင်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်အား အဆောက်အအုံဆောက်လုပ်မည့် ကုမ္ပဏီမှတာဝန်ရှိသူများက အဆောက်အအုံဆိုင်ရာ အချက်အလက်များ၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်း သတ်မှတ်ချက်များနှင့်အညီဖြစ်စေရေး၊ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးစေရေး မှာကြားပြီး အဆောက်အအုံမြေနေရာများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပန္နက်တော်တင်မည့် သတ်မှတ်နေရာများ၌ နေရာယူပြီး မင်္ဂလာအချိန်ရောက်ရှိသည်နှင့်တစ်ပြိုင်နက် ပန္နက်တော်အား ကိုးချက်စီရိုက်၍ ပန္နက်တော်တင်ခဲ့ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည်ဩဂုတ် ၂ ရက်က ဘဝနတ်ထံပျံလွန်တော်မူသော ရေဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ ရွှေရေးဆောင်ကျောင်းတိုက်ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တသံဝရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ဥတုဇရုပ်ကလာပ်တော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး အန္တိမအဂ္ဂိဈာပနသာခုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး မိသားစု၊ စေတနာရှင် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းရာ သယံဇာတရေးရာဝန်ကြီး၊ သာသနာရေးဦးစီးဌာန တိုင်းဦးစီးမှူးတို့က လက်ခံရယူကြသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဆေးတက္ကသိုလ်(၁)(ရန်ကုန်) မိုးရာသီကျောင်းတွင်းဖိတ်ခေါ် ဘောလုံးအားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၄

ဆေးတက္ကသိုလ်(၁)(ရန်ကုန်) မိုးရာသီကျောင်းတွင်းဖိတ်ခေါ် ဘောလုံးအားကစားပြိုင်ပွဲ ပြိုင်ပွဲပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် သထုံလမ်းရှိ တက္ကသိုလ်များဘောလုံးကွင်း၌ ယနေ့နံနက် ၁၁ နာရီတွင် ကျင်းပသည်။

## ယှဉ်ပြိုင်ကစား

ယနေ့ကျင်းပသည့် နောက်ဆုံးဗိုလ်လုပွဲတွင် ဆေးတက္ကသိုလ်(၁)(ရန်ကုန်) ဆေးပညာဒုတိယနှစ် (၅/၂၀၂၄) သင်တန်းကိုယ်စားပြုဖြစ်သော Myriad FC အသင်းနှင့် တက္ကသိုလ်ရှိ အခြားသင်တန်းများ ကိုယ်စားပြုဖြစ်သော Royal Lion FC အသင်းတို့က ယှဉ်ပြိုင်ကစားကြရာ Myriad FC အသင်းက အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဆေးတက္ကသိုလ်(၁)(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကျော်ရွှေ၊ ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် ဆရာ ဆရာမများ၊ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကိုကျင်းပရာ ပွဲစဉ်များတစ်လျှောက် အကောင်းဆုံးကစားသမားဆု၊ ဂိုးသွင်းအများဆုံးဆု၊ ရှေ့တန်းအကောင်းဆုံးကစားသမားဆု၊ အလယ်တန်း အကောင်းဆုံးကစားသမားဆု၊ နောက်တန်းအကောင်းဆုံးကစားသမားဆု၊ အကောင်းဆုံးဂိုးသမားဆု၊ အသန့်ရှင်းဆုံးအသင်း ဆုဖလားတို့ကိုလည်းကောင်း၊ နှစ်သိမ့်ဆုရရှိသော Vanilla Muffin FC အသင်းအား နှစ်သိမ့်ဆုဖလားနှင့် ငွေသားဆုကိုလည်းကောင်း၊ တတိယဆုရရှိသော



Tempest FC အသင်းအား ကြေးတံဆိပ်ဖလားနှင့် ငွေသားဆုကိုလည်းကောင်း၊ ဒုတိယဆုရရှိသော Royal Lion FC အသင်းအား ငွေတံဆိပ်ဖလား၊ တစ်ဦးချင်းငွေတံဆိပ်ဆုနှင့် ငွေသားဆုကိုလည်းကောင်း၊ ပထမဆုရရှိသော Myriad FC အသင်းအား ပါမောက္ခချုပ်ဖလား၊ တစ်ဦးချင်းရွှေတံဆိပ်ဆုနှင့် ငွေသားဆုတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် စီးပွားရေးရာဝန်ကြီး၊ ဆေးတက္ကသိုလ်(၁)(ရန်ကုန်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် အားကစားဆပ်ကော်မတီဥက္ကဋ္ဌတို့က ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မိုးရာသီအမျိုးသားပိုက်ကျော်ခြင်း ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပ



နေပြည်တော် ဩဂုတ် ၄

မိုးရာသီ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက နေပြည်တော် (တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည်။

အဆိုပါ ဗိုလ်လုပွဲအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိအသံလွှင့်ဌာနခွဲနှင့် ရုပ်မြင်ဌာနခွဲအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရုပ်မြင်ဌာနခွဲအသင်းက သုံးပွဲ တစ်ပွဲဖြင့် အနိုင်ရဗိုလ်စွဲသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ)ဦးဝင်းသူက နှစ်သိမ့်ဆုရရှိသည့် သပြေတောင်စက်ရုံအသင်းနှင့် တတိယဆုရရှိသည့် စီမံဌာနခွဲအသင်းတို့အား ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဒုတိယဆုရရှိသည့် အသံလွှင့်ဌာနခွဲနှင့် ပထမဆုရရှိသည့် ရုပ်မြင်ဌာနခွဲအသင်းတို့အား ဆုဖလားနှင့်အတူ ငွေသားဆုများ ချီးမြှင့်သည်။

ထို့ပြင် ညွှန်ကြားရေးမှူးချုပ်က ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် နည်းပြနှင့် ဒိုင်လူကြီးတာဝန်ထမ်းဆောင်ခဲ့ကြသော တပ်ကုန်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မိုးရာသီ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို ဝန်ထမ်းများပျော်ရွှင်မှုနှင့် ချစ်ခင်ရင်းနှီးမှုရရှိစေရန်နှင့် ကျန်းမာစွာဖြင့် တာဝန်ထမ်းဆောင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၄ ရက်အထိ စီစဉ်ကျင်းပခဲ့ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ ဌာနခွဲအသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# တာချီလိတ်မြို့၌ ရေများပြန်လည်ကျဆင်း စုပေါင်းသန့်ရှင်းရေးစတင်ဆောင်ရွက်

တာချီလိတ် ဩဂုတ် ၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ မိုးအဆက်မပြတ်ရွာသွန်းခြင်းနှင့် မယ်ဆိုင်ချောင်းရေ မြင့်တက်လာခြင်းကြောင့် ဩဂုတ် ၁ ရက်မှစ၍ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ယနေ့ နံနက်ပိုင်းတွင် ရေများပြန်လည်ကျဆင်းသွားသောကြောင့် မြို့တွင်းလမ်းမကြီးများ၊ စာသင်ကျောင်းများနှင့် ဈေးများ၌ စုပေါင်းသန့်ရှင်းရေး စတင်ဆောင်ရွက်နေကြောင်း သိရသည်။

တာချီလိတ်မြို့ပေါ်ရပ်ကွက်များဖြစ်သည့် ပုန်းထွန်ရပ်ကွက်၊ တာလေ့ာရပ်ကွက်၊ မကာအိုခမ်းရပ်ကွက်ရှိ ကျောင်းများ၊ ဈေးများနှင့် လမ်းမများပေါ်တွင် တင်ကျန်ရစ်သည့်နုန်းများ၊ အမှိုက်များအား စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မီးသတ်၊ ကြက်ခြေနီ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းရှင်းလင်းဆောင်ရွက်လျက်ရှိရာ နယ်မြေခံတပ်နယ်မှ ခေတ္တဗျူဟာမှူး ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဦးကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး




**ကျန်းမာရေးဝန်ကြီးဌာန**

**အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ**

**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ**

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး နေပြည်တော်အတွင်း Green City ဖြစ်စေရေးနှင့် မြို့ပြဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာကိစ္စရပ်များ လိုက်လံစစ်ဆေး



**နေပြည်တော် ဩဂုတ် ၄**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များသည် ယမန်နေ့ ညနေပိုင်းက နေပြည်တော်အတွင်း Green City ဖြစ်စေရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ်ရှိ ဘဲကုန်းမီးပွိုင့်အနီးမှ ပင်လောင်းလမ်းဆုံအထိ လမ်းဘေးဝဲ/ယာတွင် နှစ်တိုပန်းအလှပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က ပင်လောင်းလမ်းဘေးဝဲ/ယာတစ်လျှောက် သန့်ရှင်းသာယာလှပစေရန်အတွက် ပန်းအလှပင်များ ထပ်တိုးစိုက်ပျိုးရန်နှင့် စိုက်ပျိုးပြီးအပင်များ အမြန်ဆုံးရှင်သန်ကြီးထွားစေရေး ပေါင်းသင်၊ မြေဆွ၊ မြေဆွေးထည့်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ပြီး အပင်များရှင်သန်ကြီးထွားရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညို လမ်းဘေးရှိ သုခတော်ဝင်အိမ်ရာ အပိုင်း(၁)အတွင်း ကျောက်စီရေမြောင်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက်သုခတော်ဝင်အိမ်ရာအတွင်းရှိ ရေပေးဝေရေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ သုခတော်ဝင်အိမ်ရာ အပိုင်း(၁)ရှိ ရေပေးရေးစက်ရုံနှင့် အပိုင်း(၂)သို့ ရေပေးဝေရေး ဆောင်ရွက်ရန်အတွက် ပင်မပိုက်လိုင်းသွယ်တန်းထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က သုခတော်ဝင်အိမ်ရာအတွင်း ရေပြတ်လပ်မှုမရှိစေရေးနှင့် ရေရရှိမှုအခက်အခဲများမဖြစ်ပေါ်စေရေး စနစ်တကျစီမံဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အသည်းအစားထိုး ခွဲစိတ်ကုသမှုလုပ်ငန်း (ဒုတိယနေ့) ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၄**



တပ်မတော်တွင် သတ္တမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု (ဒုတိယနေ့)ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀ အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုတွင် လူနာဖြစ်သူ ဦးဇေယျာလတ်နှင့် ညီမဖြစ်သူ အသည်းအလှူရှင် မခင်ယွန်းဝတီလှိုင်တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင် လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၄ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင် လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီး နောက်ပိုင်း ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သောပြုစုကုသမှုများကို သက်ဆိုင်ရာ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ကျွမ်းကျင်သူများက ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူ အရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊**
**မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ညောင်လေးပင်မြို့နယ်၌ ကျေးရွာတွင်းလမ်းဂဝံခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းပြီးစီး

**ညောင်လေးပင် ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အောက်ချိုင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းစိုး၊ ညောင်လေးပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်စီမံကိန်းတာဝန်ခံ ဒေါ်ယဉ်ယဉ်ဦးနှင့်ဝန်ထမ်းများက အောက်ချိုင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အောက်ချိုင်းကျေးရွာတွင် ကျေးရွာတွင်းလမ်း အရှည်ပေ ၂၃၅၀၊ အကျယ် ၁၂ ပေ၊ ဒုခြောက်လက်မ ဂဝံခင်းခြင်းလုပ်ငန်း၊ ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းတို့ကို VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ခုနစ်သိန်း နှစ်သောင်း စုစုပေါင်း ငွေကျပ် ၁၅၇ သိန်းနှစ်သောင်းဖြင့် ခရိုင် /မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကာ ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဇွန်လ ပထမအပတ်မှစတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

၂၂

# ပဲခူးမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်



ပဲခူး ဩဂုတ် ၄

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့နယ် ကမာနတ်ကျေးရွာအုပ်စု၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ရေသန့်စက်တပ်ယာဉ်ဖြင့် သောက်ရေသန့်များ ဖြန့်ဖြူးပေးနေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ရေကြီးနစ်မြုပ်ခဲ့သည့် ရပ်ကွက်/ ကျေးရွာများကို အလှည့်ကျဖြန့်ဖြူးပေးနိုင်ရေး ကြိုတင်အသိပေးခြင်းများ ဆောင်ရွက်သွားရန်၊ မီးသတ်ရေယာဉ်များဖြင့် ရေအဆက်မပြတ်သယ်ယူပို့ဆောင်ပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းသား မိဘဆရာအသင်းမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ စုပေါင်း၍ သန့်ရှင်းရေးပြုလုပ်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ကျောင်းဘေးရှိ ကျုံးရေထွက်ပေါက်အား ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေလမ်းကြောင်းပိတ်ဆို့မှုမရှိစေရေး ကွင်းဆင်းစိစစ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရေကြီးနစ်မြုပ်ခဲ့သည့် ပဲခူးမြို့နယ် မယင်းကျေးရွာသို့ သွားရောက်ခဲ့ပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ရေကြီးနစ်မြုပ်ခဲ့သောကျေးရွာနေပြည်သူများအား ငါးဟင်းချက်ပြုတ်လှူဒါန်းနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး ကလေးငယ်များအတွက် အာဟာရမုန့်များ ပေးအပ်ခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မယင်းကျေးရွာ ဒက္ခိဏာရာမဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိခဲ့ပြီး ဦးစီးပဓာန နာယကဆရာတော်ကြီးအား ဖူးမြော်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒက္ခိဏာရာမဘုန်းတော်ကြီးကျောင်းရှိ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး အားပေးစကားပြောကြားခဲ့ပြီး စားသုံးကုန်များနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ တစ်ဦးချင်းစီအတွက် ဆန်ရိက္ခာဖိုးတစ်လစာ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးရာသီ ရေကြီးရေလျှံမှုကြောင့် စိုက်ခင်းများ ထိခိုက်မှုလျော့နည်းစေရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဩဂုတ် ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့က ပြည်ထောင်စုနယ်မြေ နေပြည်တော်ဧရိယာအတွင်း ဆည်ကန်များ ရေသိုလှောင်ထားနိုင်မှု အခြေအနေနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သီးနှံစိုက်ခင်းများကို ထိခိုက်စေနိုင်သည့် ရေအိုင်ခြင်း၊ ရေဝပ်ခြင်း၊ ရေနစ်မြုပ်ခြင်းများ မဖြစ်ပေါ်စေရန် ရေနုတ်မြောင်းများ ရှင်းလင်းတူးဖော်ခြင်းနှင့် ရိုးချောင်းများ ရေစီးရေလာကောင်းမွန်ရေး အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ဇေယျာသီရိမြို့နယ် ပေါင်းလောင်းတမံကို ကြည့်ရှုစစ်ဆေးပြီး ဟိုက်ဒရောလစ်ရေမြှင့်ရေတံခါးတွင် တပ်ဆင်ပြီးစီးသည့် ရေတံခါးရွက်များ စမ်းသပ်လည်ပတ်နိုင်ရေး၊ ပိုမိုသိုလှောင်ရရှိလာမည့် ဆည်ရေများနှင့် လျှပ်စစ်ဓာတ်အားများ အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် သက်ဆိုင်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ မိုးတွင်းကာလ ရေလှောင်တမံ ဘေးကင်းလုံခြုံမှုဆိုင်ရာ အစီအမံများနှင့် ပတ်သက်သည့် အရေးပေါ်ကြိုတင်ပြင်ဆင်မှု အစီအစဉ်များကို စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဇေယျာသီရိမြို့နယ်အတွင်းရှိ ကျွန်းရောင်း-အိုင်စောက်-ပေါင်းဖော် ရေနုတ်မြောင်းများ၏ ရေစီး၊ ရေလာကောင်းမွန်ရေး ရှင်းလင်းတူးဖော်လုပ်ငန်း ဆောင်ရွက်နေမှု၊ ပျဉ်းမနားမြို့နယ် မြို့ရှောင်လမ်းအောက်ဘက်ကပ်လျက်ရှိ မကျီးရိုး၊ ကနခိုရိုးနှင့် လယ်ဝေးမြို့နယ် ချောင်းဖောက်ရိုးများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေစီးဆင်းရာလမ်းကြောင်းတစ်လျှောက်တွင် ရေစီးရေလာကောင်းမွန်မှုရှိစေရေးနှင့် သီးနှံစိုက်ကွင်းများအတွင်း ရေအိုင်ခြင်း၊ ရေဝပ်ခြင်း၊ ရေနစ်မြုပ်မှုများ လျော့နည်းစေရန် စီမံဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် လယ်ဝေးမြို့နယ်ရှိ ဖောကန်ကိုကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက မိုးရာသီကာလအတွင်း အလေအလွင့်မရှိ ရေသိုလှောင်နိုင်ရေးနှင့် နွေသီးနှံစိုက်ပျိုးရာသီတွင် ရေပိုမိုပေးဝေနိုင်ရေး၊ ရေပိုလွှဲမှ ရေစီးဆင်းရာလမ်းကြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး စစ်ဆေးကြပ်မတ်ရန်၊ ရေလှောင်ကန်ရေရှည်တည်တံ့ရေး၊ ဘေးကင်းလုံခြုံမှုဆိုင်ရာ အစီအမံများနှင့် ပတ်သက်သည့် အရေးပေါ်ကြိုတင်ပြင်ဆင်မှုများကို အလေးထားစီစဉ်ထားရှိရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ဒေသတွင်း မိုးရွာသွန်းမှုလျော့နည်းခဲ့သဖြင့် ရှစ်နှစ်တာကာလအတွင်း ကန်ရေပြည့်မှတ်ရောက်သည်အထိ ဝင်ရေစုဆောင်းနိုင်ခဲ့ခြင်းမရှိသည့် ဖောကန်တွင် ယခုနှစ် မိုးဦးကာလ မိုးကောင်းခဲ့သဖြင့် ကန်ရေပြည့်သိုလှောင်ထားပြီးဖြစ်ကြောင်း၊ ကန်ပေါင် အလျား ပေ ၂၄၀၀၊ ကန်ပေါင်အမြင့် ရှစ်ပေရှိ အဆိုပါကန်မှ စိုက်ပျိုးမြေ ဧရိယာ ၂၆၂ ဧကကို အကျိုးပြုလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသောတိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြား သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသောခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ် ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများ ရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

## ကမမောင်းမြို့၌ မိုးအဆက်မပြတ်ရွာသွန်းပြီး သံလွင်မြစ်ရေတက်မှုကြောင့် ဒုတိယအကြိမ်ရေကျော်မှုများ ဖြစ်ပွားလျက်ရှိ

ကမမောင်း ဩဂုတ် ၄

ကရင်ပြည်နယ် ကမမောင်းမြို့၌ မိုးအဆက်မပြတ်ရွာသွန်းသဖြင့် သံလွင်မြစ်ရေသည် စိုးရိမ်ရေမှတ်အထက်ကျော်လွန်၍ အနိမ့်ပိုင်းရပ်ကွက်ရှိ နေအိမ်များသို့ ဒုတိယအကြိမ်ရေကျော်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေလွှမ်းမိုးမှုကြောင့် ရပ်ကွက်အချို့ရှိ နေအိမ်များနှင့် အခြေခံပညာစာသင်ကျောင်းများ အတွင်းသို့ မြစ်ရေဝင်ရောက်လျက်ရှိသောကြောင့် စာသင်ကျောင်းများ ယာယီပိတ်ထားရပြီး ရေဘေးသင့် ပြည်သူများအား ယာယီ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားသော အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ် (၅) အခြေခံပညာမူလတန်းကျောင်းတို့သို့ ယမန်နေ့ညနေအထိ အိမ်ထောင်စု ၈၉ စု လူဦးရေ စုစုပေါင်း ၄၂၉ ဦးအား တာဝန်ရှိသူများက ယာယီပြောင်းရွှေ့ ပေးထားကြောင်း ကမမောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ကျော်ဝဏ္ဏ(ပြန်/ဆက်)

# ဩစတြေးလျနိုင်ငံသားများ လက်ဘနွန်နိုင်ငံမှ အမြန်ဆုံးထွက်ခွာရန် ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း



ဘောရွတ် ဩဂုတ် ၄

အရှေ့အလယ်ပိုင်းဒေသ၌ တင်းမာမှုများ မြင့်တက်နေခြင်းကြောင့် ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး ပင်နီဝေါင်က လက်ဘနွန်နိုင်ငံသို့ ရောက်ရှိနေသည့် ၎င်းတို့နိုင်ငံသားများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် တိုက်တွန်းပြောကြားကြောင်း သိရသည်။

ပုဂ္ဂလိကလေကြောင်းလိုင်းများဖြင့် လက်ဘနွန်နိုင်ငံမှ ထွက်ခွာရန်နှင့် အခြေအနေပိုမိုဆိုးရွားလာပါက ဘေရွတ်လေဆိပ် ကို ပိတ်ပင်သွားနိုင်ဖွယ်ရှိကြောင်း ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး ပင်နီဝေါင်က ပြောကြားသည်။

အရှေ့အလယ်ပိုင်း ဒေသတွင်း ပဋိပက္ခများ အပြင်းအထန် ဖြစ်လာနိုင်ဖွယ်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း အစ္စရေးတပ်ဖွဲ့သည် လက်ဘနွန်မြို့တော်ကို ပစ်မှတ်ထား၍လေကြောင်းတိုက်ခိုက်မှုတစ်ခု ပြုလုပ်ခဲ့ရာ အီရန်ကျောထောက်နောက်ခံပြု ရှီးယိုက်မွတ်စလင် ဟစ်ဇ်ဘိုလာ အဖွဲ့၏တပ်မှူးတစ်ဦးသေဆုံးခဲ့သည်။

ဟစ်ဇ်ဘိုလာအဖွဲ့အကြီးအကဲ ဟာဆန်နာစ်ရာလာရှ်က အစ္စရေးကို ပြန်လည်တိုက်ခိုက်မည်ဟု ကတိပြုခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဩစတြေးလျနိုင်ငံသား ၁၅၀၀၀ ခန့်သည် လက်ဘနွန်နိုင်ငံ၌ ရောက်ရှိလျက်ရှိသည်။ အမေရိကန်နှင့် ဗြိတိန်တို့ကလည်း ၎င်း၏နိုင်ငံသားများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အကြံပြုချက် ထုတ်ပြန်ထားကြောင်း သိရသည်။ ကိုးကား - အင်န်အီတီချိုကေ

ဘာသာပြန် -အောင်ကျော်ကျော်

# ကမ္ဘောဒီးယားနိုင်ငံက ယူနက်စကိုစာရင်းဝင် အန်ကောဝပ် အမွေအနှစ်နေရာ၌ အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ ကျင်းပ

ဆီယမ်ရိ ဩဂုတ် ၄

ကမ္ဘောဒီးယားနိုင်ငံသည် အန်ကောအင်ပါယာ မာရသွန်၏ ကိုးကြိမ်မြောက်အဖြစ် အန်ကောရှေးဟောင်းသုတေသနနယ်မြေ၌ ဩဂုတ် ၄ ရက်တွင် ကျင်းပရာ ပြည်တွင်းနှင့် ပြည်ပမှ ပြိုင်ပွဲဝင် ၃၀၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားအိုလံပစ်ကော်မတီ(NOCC)ဥက္ကဋ္ဌ သောင်ခွန်းက မိုးရာသီကာလအတွင်း အန်ကောဒေသ၌ ယင်းသို့ ပြိုင်ပွဲကျင်းပခြင်းသည် အားကစားမြှင့်တင်ရန်နှင့် ခရီးသွားလာရေးမြှင့်တင်ရန် ရည်ရွယ် ထားကြောင်း သိရသည်။

ပြိုင်ပွဲစတင်ကျင်းပသည့် အချိန်တွင် နိုင်ငံနှင့် ဒေသပေါင်း ၅၁ ခုမှ နိုင်ငံတကာ အပြေးသမား ၈၁၅ ဦး ပါဝင်ပြီး အများစုမှာ ဂျပန်၊ တရုတ်၊ ဗီယက်နမ်၊ ဗြိတိန်နှင့် ထိုင်းနိုင်ငံများမှဖြစ်ကြောင်း သိရသည်။

အဆိုပါ မာရသွန်ပြိုင်ပွဲတွင် အပြေးပြိုင်ပွဲအမျိုးအစား လေးမျိုးပါဝင်ပြီး ၎င်းတို့မှာ မာရသွန်အပြေးပြိုင်ပွဲ (၄၂ ကီလိုမီတာ)၊ မာရသွန်တစ်ဝက်ပြိုင်ပွဲ (၂၁ ကီလိုမီတာ)၊ ၁၀ ကီလိုမီတာအပြေးပြိုင်ပွဲနှင့် ၃ ကီလိုမီတာ အပြေးပြိုင်ပွဲတို့ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်သူများသည် ရင်သပ်ရှုမောဖွယ်ရာ ဗိသုကာလက်ရာများနှင့် ရှုခင်းများ ဝန်းရံထားသည့် အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အရေးပါသောရှေးဟောင်းဘုရားကျောင်းဖြစ်သည့် အန်ကောဝပ်ပတ်လည်တွင် ယှဉ်ပြိုင်ကြခြင်းဖြစ်သည်။

၄၀၁ စတုရန်းကီလိုမီတာ ကျယ်ဝန်းသော အန်ကောရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသည် ဆီယမ်ရိပြည်နယ်တွင် တည်ရှိပြီး ၁၉၉၂ ခုနှစ်ကတည်းက ယူနက်စကို၏ ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုနယ်မြေစာရင်းဝင်ဖြစ်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသည်အများအပြားလာရောက်ရာ နေရာအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-အလင်းသစ်



# ဟစ်ဇ်ဘိုလာအဖွဲ့က အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ ဒုံးကျည် ဒါဇင်ပေါင်းများစွာ ပစ်လွှတ်

ဘေရွတ် ဩဂုတ် ၄

လက်ဘနွန်နိုင်ငံရှိ အီရန်ကျောထောက်နောက်ခံပြု ရှီးယိုက်မွတ်စလင် ဟစ်ဇ်ဘိုလာအဖွဲ့က အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ ဒုံးကျည်ဒါဇင်ပေါင်းများစွာ ယနေ့ ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဒုံးကျည်ပစ်ခတ်မှုကြောင့် အစ္စရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် လက်ဘနွန်တောင်ပိုင်းရှိ ဟစ်ဇ်ဘိုလာပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားသည်။

ဟားမတ်စ် နိုင်ငံရေးခေါင်းဆောင် အစ္စမေးလ် ဟာနီယေး လုပ်ကြံသတ်ဖြတ်မှုအတွက် အီရန်နိုင်ငံက လက်တုံ့ပြန်ရန် ကြိုးပမ်းလျက်ရှိသည်။

အစ္စမေးလ် ဟာနီယေးသည် အီရန်နိုင်ငံသို့ လာရောက်လည်ပတ်စဉ် လုပ်ကြံသတ်ဖြတ်ခံရခြင်းဖြစ်သည်။

ယခုသီတင်းပတ်အစောပိုင်းက မြို့တော်ဘေရွတ်၌ အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုတစ်ခုအတွင်း ဟစ်ဇ်ဘိုလာအဖွဲ့မှ အကြီးတန်းတပ်မှူးတစ်ဦးလည်း အသက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အီရန်နှင့် ဟစ်ဇ်ဘိုလာအဖွဲ့တို့သည် အစ္စရေးကို ကြီးမားသော လက်တုံ့ပြန်တိုက်ခိုက်မှုများ ပြန်လည်လုပ်ဆောင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းရှိ အမေရိကန်တပ်ဖွဲ့များကို တာဝန်ခံသည့် အမေရိကန်ဗိုလ်ချုပ်ကြီးသည် အစ္စရေးနှင့် ဂျော်ဒန်အပါအဝင် ဒေသတွင်းနိုင်ငံများသို့ အလည်အပတ်ရောက်ရှိနေပြီး အစ္စရေးတပ်ဖွဲ့ကို ကာကွယ်ပေးရန် မဟာမိတ်အဖွဲ့များကို စည်းရုံးလျက်ရှိကြောင်း သိရသည်။ ကိုးကား - အင်န်အီတီချိုကေ

ဘာသာပြန် - အောင်ကျော်ကျော်

# အိန္ဒိယနိုင်ငံမြို့တော်နယူးဒေလီရှိ ကလေးထိန်းဂေဟာတစ်ခု၌ ကလေးငယ် ၁၃ ဦး သေဆုံးမှုဖြစ်ပွား

နယူးဒေလီ ဩဂုတ် ၄

အိန္ဒိယနိုင်ငံမြို့တော်နယူးဒေလီရှိကလေးထိန်းဂေဟာတစ်ခု၌ လွန်ခဲ့သည့်ရက်သတ္တသုံးပတ်အတွင်း ကလေးငယ် ၁၃ ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်ပြီး မြို့တော်၏ အာဏာရပါတီဖြစ်သည့် Aam Aadmi (AAP) ၏ စီမံခန့်ခွဲမှုများယွင်းမှုအတွက် အပြည့်အဝ တာဝန်ရှိသည်ဟု အတိုက်အခံပါတီများက ပြောကြားသည်။

ကလေးငယ်များသေဆုံးရသည့်အကြောင်းရင်းကို လက်ရှိအချိန်အထိ မသိရသေးသော်လည်း အဆိုပါကိစ္စနှင့်ပတ်သက်၍ အမှုဖွင့်ထားကြောင်း သိရသည်။

ကလေးထိန်းဂေဟာရှိ အခြား ၂၅ ဦးခန့်သည် တီဘီရောဂါခံစားနေရသည်။ ကလေးငယ်များ သေဆုံးမှုသည် အိန္ဒိယမြို့တော်ရှိ ပြည်သူများကို တုန်လှုပ်ချောက်ချားစေခဲ့သည်။

စိတ်ပိုင်းဆိုင်ရာ အားနည်းချက်များရှိသည့် ကလေးများအတွက် ရည်ရွယ်ဖွင့်လှစ်သည့် ကလေးထိန်းဂေဟာ "Asha Kiran" ကို ရှိဟီနီဒေသရှိ ဒေလီအစိုးရက တိုက်ရိုက်စီမံဆောင်ရွက်လျက်ရှိသည်။

ကလေးငယ်များ သေဆုံးမှုဖြစ်ပွားပြီးနောက် ကလေးထိန်းဂေဟာ "Asha Kiran" ၏ လုပ်ဆောင်ချက်များကို ဒေသတွင်းမီဒီယာများက အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲအတွက် အစ္စရေးကိုယ်စားလှယ်အဖွဲ့ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ ရောက်ရှိ



ကိုင်ရို ဩဂုတ် ၄

ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ ပြန်လည်စတင်ရန်အတွက် အစ္စရေး လုံခြုံရေးကိုယ်စားလှယ်အဖွဲ့သည် ကိုင်ရိုမြို့သို့ ဩဂုတ် ၃ ရက်တွင် ရောက်ရှိခဲ့ကြောင်း အီဂျစ် သတင်းအရင်းအမြစ်များက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

အစ္စရေး လုံခြုံရေးအေဂျင်စီ (ISA) နှင့် အစ္စရေး ထောက်လှမ်းရေးအကြီးအကဲများပါဝင်သော အစ္စရေး ကိုယ်စားလှယ်အဖွဲ့သည် ကိုင်ရိုမြို့သို့ ရောက်ရှိလာပြီး ဆွေးနွေးမှုများ စတင်နေပြီဖြစ်ကြောင်း သတင်းရင်းမြစ်များက ဆိုသည်။

ဆွေးနွေးပွဲများတွင် ဂါဇာအပစ်အခတ်ရပ်စဲရေး၊ အီဂျစ်နှင့် ဂါဇာကြားရှိ ဖီလာဒဲလ်ဖီးယားစင်္ကြံ အခြေအနေနှင့် ရာဖာဒေသ နယ်စပ်ဖြတ်ကျော်မှုတို့ကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

အီရန်နိုင်ငံ၏ မြို့တော် တီဟီရန်၌ ဟားမတ်စ်၏ နိုင်ငံရေးဗျူရို အကြီးအကဲ အစ္စမေးလ်ဟာနီယက်လုပ်ကြံခံရပြီးနောက်ပိုင်း အစ္စရေး ကိုယ်စားလှယ်အဖွဲ့ အနေဖြင့် အီဂျစ်နိုင်ငံသို့ ပထမဆုံးလာရောက်သည့် ခရီးစဉ်ဖြစ်ကြောင်း သိရသည်။ အဆိုပါလုပ်ကြံသတ်ဖြတ်မှုကို အစ္စရေးက လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဟားမတ်စ်က စွပ်စွဲထားသည်။

ဂါဇာကမ်းမြောင်ဒေသ၌ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ဖြစ်ပွားခဲ့သော ပဋိပက္ခမှစပြီး အမေရိကန်နှင့် ကာတာနိုင်ငံတို့မှ ကြားဝင်ဖျန်ဖြေသူများနှင့်အတူ အီဂျစ်သည် ဂါဇာရှိ ဟားမတ်စ်အဖွဲ့နှင့် အစ္စရေးတို့ကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ကြားဝင်ဆောင်ရွက်ပေးရန် လုပ်ဆောင်လျက်ရှိသည်။

အစ္စရေးသည် ဂါဇာကမ်းမြောင်တွင် ဟားမတ်စ်အဖွဲ့ကို ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်ခဲ့ရာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှ စတင်ကာ အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်း ၃၉၀၀၀ ကျော် သေဆုံးပြီး အခြား ၉၀၀၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၄

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင် ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁ ရက်တွင် ပြည်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၅ ဒသမ ၇၅၆ တန်နှင့် သစ်မာ သုည ဒသမ ၁၉၀ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၁၃၄၈၀၀) ကိုလည်းကောင်း၊ ဩဂုတ် ၂ ရက်တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၇၁၂ တန်၊ အခြားသစ် ၂ ဒသမ ၈၄၉ တန် (ခန့်မှန်းတန်ဖိုးငွေ ၂၁၁၃၆၅၃ ကျပ်) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၉၂၄၈၄၅၃ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီးမှ သိမ်းဆည်းရမိမှု။

ထို့အတူ ဩဂုတ် ၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan Murano ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ မိုင်းလားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် တရုတ်နိုင်ငံထုတ် Camel အဝတ်လျှော်စက်နှစ်လုံး၊ Man Slipper ကျားစီးဖိနပ် အရန် ၅၂၄၀၊ Brake Shoe ၁၅၀ ကီလိုဂရမ်အပါအဝင် လူသုံးကုန်ပစ္စည်း ကိုးမျိုး၊ ဆိုင်ကယ်အပိုပစ္စည်း ၃၅ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၀၇၂၃၁၅၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီးနှင့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၇၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၇၇၂၃၁၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် Happy Rose Tissue ၄၀၁၁ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေ ၁၀၉၅၀၇၉၄ ကျပ်) ကို လည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် တရုတ်နိုင်ငံထုတ် Plastic Pallets အခု ၈၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၇၂၅၀၀) ကို လည်းကောင်း၊ ထီးတန်းဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် Fuse ၁၅၈၄ ခု၊ Mini Helmet အလုံး ၅၇၀၀ အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၀၀၇၆၀၀၀) ကို လည်းကောင်း၊ ရန်ကုန်လေဆိပ် (ကုန်လှောင်ရုံ)၌ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် တရုတ်နိုင်ငံထုတ် Medical Device – Cholesterol Assay Kit ငါးခုအပါအဝင် ကုန်ပစ္စည်း ၂၆ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၆၆၈၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၇၇၂၆၆၀၉၄ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁ ရက်နှင့် ၂ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေ ၃၂၆၂၇၆၉၇ ကျပ်) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# လှိုင်လင်၊ နမ့်စန်၊ မင်္ဂလာဒုံမြို့နယ်နှင့် တာချီလိတ်မြို့တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၄

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် လှိုင်လင်မြို့နယ် ပင်လုံမြို့ ပန်မုန့်ကျေးရွာအုပ်စု ပေါင်းလိုင်း ကျေးရွာအနီး၌ ပိုင်ဇေဖြိုး မောင်းနှင်ပြီး ပြေသာတိုး လိုက်ပါလာသည့် Honda Insight အမျိုးအစား ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများ ဖြစ်သည့် ကက်တမင်း သုည ဒသမ ၁ ကီလို၊ Happy Water သုည ဒသမ ၇၅ ကီလိုကိုလည်းကောင်း။





ပိုင်ဇေဖြိုး၊ ပြေသာတိုး နှင့် မစုဝေဝေထွန်းတို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ကွင်းဆက်အရ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နမ့်စန်မြို့နယ် မက်မွန်မုန်းကျေးရွာအုပ်စု အမှတ် (၂) ကျေးရွာရှိ မစုဝေဝေထွန်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ပြောင်းဆေးဝါးများ ဖြစ်သည့် ကက်တမင်း သုည ဒသမ ၀၅ ကီလို၊ Happy Water သုည ဒသမ ၄၇၅ ကီလိုကို လည်းကောင်း၊ ထိုနေ့ ညနေ ၅ နာရီခွဲတွင် တာချီလိတ်မြို့ ဝိန်းကျောက် ရပ်ကွက်အတွင်းတွင် ဆမ်ဆွဲ မောင်းနှင်ပြီး အီချာလိုက်ပါလာသည့် Toyota Crown အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများ ဖြစ်သည့် ကက်တမင်း သုည ဒသမ ၈၇ ကီလို၊ Happy Water သုည ဒသမ ၂၂၅ ကီလိုကို လည်းကောင်း၊ ထိုနေ့ ညနေ ၅ နာရီတွင် မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်း ရပ်ကွက် ဗိုလ်မင်းရောင်လမ်းတွင် ပြည့်ဖြိုးအောင် (ခ) ကုလား မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို လည်းကောင်း၊ ကွင်းဆက်အရ ညနေ ၅ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချခိုင်းသူ မအိမြတ်မြတ်ဖူးကို အဆိုပါနေရာ၌လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၈-၂၀၂၄ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ရောက်ခဲ့လေသမျှ...သူဒေသ...သူ့အလှ
- ၀၉:၁၅ မွေးမြူရေးရာအပြာပြာ "ရောဂါကင်းစင်ပုံးပျော်ရွှင်...မွေးမြူရေးတောင်သူလုပ်ငန်းခွင်"
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ Economic Review
- ၁၁:၃၀ ကြွေလည်းဝေမြဲ တမ်းတဆဲ "မေ့မရနိုင်တဲ့ခရီးဖော်" (ချိုဝေလွင်) (အပိုင်း-၁)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ (ဖိလစ်ပိုင်) **"ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိုဂုံး"** (အပိုင်း-၁၉)
- ၁၃:၃၀ MRTV National News
- ၁၅:၂၀ ကျန်းမာရေးမဂ္ဂဇင်း (ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ်
- ၁၆:၅၀ မျိုးဇုဂ်တင့်စေဆိုကရေးတီးအငွေ
- ၁၇:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၂၀ This Week's Special Interest
- ၁၇:၃၅ လွတ်လပ်ပြီးတရားမျှတတဲ့ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ဖို့ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့
- ၁၇:၄၅ 'အိုလံပစ်အားကစားပြိုင်ပွဲ' (Highlight)(11)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ အိုလံပစ်အားကစားပြိုင်ပွဲအစီအစဉ်(၁၁)
- ၁၈:၄၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ (ဖိလစ်ပိုင်) **'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိုဂုံး'** (အပိုင်း-၂၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသသတင်း
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ (တရုတ်) **'ဟန်ဆောင်ကဗျာထဲက ရွှေရည်စိမ်မှတ်တမ်း'** (အပိုင်း-၁)
- ၂၂:၁၀ မြန်မာဇာတ်လမ်းတွဲ **"အခမ်းနားဆုံးသစ်ပင်"** (အပိုင်း-၂)

### mitv

- 07:01 Evergreen Classic: Myitta (Kyawt Kay Khaing)
- 07:08 Mt. Cable Garden
- 07:27 Don Min Artist
- 07:47 Nga Laik Dam & Nga Laik Kan Tha Eco Resort
- 07:47 Gold from Garbage
- 08:01 News
- 08:26 Asia Updates; Blade Library (NHK World)
- 08:30 Star Bean Production
- 08:50 People's Military Service Law 1
- 09:01 Let's Explore Organic Farming
- 09:47 Myanmar-Korea Song (5)
- 09:36 Yoga & Health
- 10:01 News
- 10:26 Topical Topics (No. 34) Widen Scope for the Future of the Planet Earth
- 10:32 Listening Pleasure, Instrumental Music (Horn Violin) Son Taw Myaing
- 10:44 The Tasty Creator

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
'ဝ' ဘာသာစကားပြောကြရအောင် (အပိုင်း-၁)

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
အင်းတော်ကြီးရဲ့လှပတဲ့သဘာဝပတ်ဝန်းကျင်

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
မြင်တွေ့စေချင်ကယားတို့ဌာနေ
(ကယားတိုင်းရင်းသားယဉ်ကျေးမှုနှင့်ကေးလျားရွာ)

**စကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဝုံးအစပ်ချက်နှင့်သဒ္ဒါပွင့်သုပ်

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ကရင်စကားပုံများအကြောင်း (အပိုင်း-၁)

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလုပ်ငန်းဘဝများ
(ကရင်ဒုံးအက+ကျွန်းသစ်လုံးတံတား)

**ချင်း (လိုင်ဇို) (၁၅:၀၀ မှ ၁၆:၀၀)**
ဆန်းပြားလှသည့်ချင်းရိုးရာနှာခေါင်းပလွေမှုတ်

**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
ချင်းရိုးရာတူရိယာများ

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၄)

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
မျိုးဇုဂ်တင့်စေယဉ်ကျေးမှုအငွေ့ (အပိုင်း-၂)

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း (အပိုင်း-၃)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၈:၄၅ Weekly Selected News
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **(အစ္စရေးနိုင်ငံ)**
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **"သူတစ်ပါးအယောင်ဆောင်ခြင်း"**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **(ဆွစ်ဇာလန်နိုင်ငံ)**
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **(ဆွစ်ဇာလန်နိုင်ငံ)**
- ၁၁:၃၀ ရှေ့သို့ချီမည်....ပန်းတိုင်ဆီ (အပိုင်း-၄၅)
- ၁၈:၀၀ Economic review "စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သုတေသနလုပ်ငန်း၏အရေးပါမှု"

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ တန်ဖိုးရှိသောမြန်မာ့ထုတ်ကုန်များဆီသို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ **"အနှိပ်ခံချစ်သူ"** (ဇာတ်လမ်း)
- ၁၉:၄၅ TIPS AND TRICK
- ၂၂:၀၀ A Year-End Medley (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၂၀ PARIS OLYMPIC GAMES SPECIAL
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း ဖွင့်လှစ်




တောင်ကြီး ဩဂုတ် ၄

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး၊ တောင်ကြီးတက္ကသိုလ်၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်းကျင်းပသည့် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၄/၂၀၂၄) ကို ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီတွင် တောင်ကြီးပညာရေးဒီဂရီကောလိပ် ကမ္ဘောဇခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဆရာအတတ်ပညာ ကျောင်းသားကျောင်းသူများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဖြစ်လာသည့်အခါ ဥပဒေရေးရာအသိပညာများကို သိရှိပြီးလေးစားလိုက်နာဆောင်ရွက်နိုင်ရန် အထူးလိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူများသည် နိုင်ငံသားတစ်ဦးအနေဖြင့် နိုင်ငံ၏ဥပဒေရေးရာများကို သေချာစွာ သိရှိနားလည်ပြီး နိုင်ငံ့တာဝန်ကျေပွန်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏အနာဂတ်ဖြစ်သည့်လူငယ်များကို ဥပဒေအသိပညာများ ပြန့်ပွားစေရန် ပို့ချပေးမည့် ရှမ်းပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်ဥပဒေချုပ်ရုံးမှ ပညာရှင်များ၊ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်နှင့် တောင်ကြီးတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခဆရာမကြီးများကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က သင်တန်းပို့ချပေးမည့် ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဥပဒေချုပ်ရုံးနှင့် တောင်ကြီးတက္ကသိုလ် ဥပဒေပညာရှင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ပြီး ရှမ်းပြည်နယ် ဥပဒေချုပ် ဦးစိုင်းကျော်ဇံက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးဘာသာရပ်များကို ဩဂုတ် ၃ ရက်မှ ၁၀ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မကွေးမြို့တွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး ဆွေးနွေးပွဲကျင်းပ



မကွေး ဩဂုတ် ၄

မကွေးမြို့တွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဆန်းက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးထွန်းက အိမ်ခြံမြေအကျိုးဆောင်များဆိုင်ရာ ညွှန်ကြားချက်အမှတ် (၁ / ၂၀၂၂) နှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများဆိုင်ရာ ညွှန်ကြားချက်အမှတ် (၂ / ၂၀၂၂)၊ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ဇော်က AML/ CFT ဆိုင်ရာကိစ္စရပ်များ၊ မကွေးတိုင်းဒေသကြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ တာဝန်ဝတ္တရားများ၊ မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိ၊ မကွေးတိုင်းဒေသကြီး မြေစာရင်းဦးစီးမှူးနှင့် မကွေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးမှူးတို့က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဌာနက ဆောင်ရွက်ရသည့်လုပ်ငန်းများ စသည်တို့ကို ဆွေးနွေးပို့ချခဲ့ပြီး တက်ရောက်လာသည့် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းနှင့် အဖိုးတန်သတ္တုလုပ်ငန်းရောင်းဝယ်သူများအား တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

## ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် –

- ငါးမွေးမြူရေးကန်များ၏ ကန်ဘောင်များခိုင်ခံ့ရန်အတွက် ကန်ဘောင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ဘောင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများ ဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအားကြို တင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျှက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာ များတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Naing Lin Htun(sai aung)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အမှတ်(၄)*ရပ်ကွက်နေ နိုင်လင်းထွန်းအား ညနေ ၄ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Aung Gyi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်နေ အောင်စိုးမိုးအား ညနေ ၅ နာရီ မိနစ်၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်နှင့် ဂုဏ်ပြုချီးမြှင့်

မြစ်ကြီးနား ဩဂုတ် ၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ရခိုင်တိုင်းရင်းသားတို့၏ ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့က ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြစ်ကြီးနားမြို့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီးတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားတွင် ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ဂုဏ်ထူးဆောင်နာယက၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပညာရည်ပြည့်ဝပြီး ထူးချွန်ထက်မြက်သည့် တိုင်းရင်းသားလူငယ်အမြောက်အမြားမွေးထုတ်ပေးနိုင်မှသာ မိမိတို့နိုင်ငံ၊ မိမိတို့ပြည်နယ်၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် အားကစားဖြင့်ထူးချွန်သောလူငယ်များ ဖြစ်လာစေရေးအတွက် ညီနောင် ရခိုင်တိုင်းရင်းသားများအနေဖြင့် မိမိတို့၏



ရင်သွေးများကို လေ့ကျင့်ပျိုးထောင်ပေးရန်လိုအပ်ပါကြောင်း၊ ယနေ့ တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာအောင်မြင်ပြီး ပညာဆက်လက်သင်ကြားကြမည့် သားငယ်သမီးငယ်များအနေဖြင့် မိမိလူမျိုး၏ ဂုဏ်ကို မြှင့်တင်ပေးနိုင်သကဲ့သို့ တိုင်းပြည်အတွက် အားထားရသည့်သူများဖြစ်အောင် ဆက်လက်ကြိုးစားကြရန်လိုကြောင်း အားပေးဂုဏ်ပြုပြောကြားသည်။

ယင်းနောက် ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင် ဆရာဦးစိန်လွင်က ကျောင်းသား ကျောင်းသူများ ရှေ့ဆက်ရမည့် ပညာရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စာပေနှင့်ယဉ်ကျေးမှုအဖွဲ့အတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ခြောက်သိန်းကို လည်းကောင်း၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး မိသားစုက ထောက်ပံ့ငွေကျပ် ခြောက်သိန်းကို လည်းကောင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် ဇနီး၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့စရိတ်ချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြရာ ကျောင်းသားတစ်ဦးနှင့် ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များ လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် ယနေ့နံနက် ၈ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနေထိုင်သည့် ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ နေထိုင်မှုနှင့် ဝန်ထမ်းအိမ်ရာ သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့်အညီ နေထိုင်မှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက်ရှိ အရာထမ်းအိမ်ရာ၊ စံပယ်အိမ်ရာ၊ ဘောဂသိဒ္ဓိရပ်ကွက်ရှိ လူပျိုဆောင်၊ အပျိုဆောင်နှင့် ဓနသိဒ္ဓိ ရပ်ကွက်ရှိ အရာထမ်းအိမ်ရာနှင့် အမှုထမ်းအိမ်ရာများ၏ သန့်ရှင်းရေးဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များမှာကြားသည်။

အလားတူ ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် မွန်းလွဲ ၁ နာရီခွဲတွင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ပညာသိဒ္ဓိရပ်ကွက်နှင့် ဘောဂသိဒ္ဓိရပ်ကွက်တို့ရှိ ဝန်ကြီးဌာနဝန်ထမ်းအိမ်ရာများနှင့် လူပျိုဆောင်၊ အပျိုဆောင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးက ဝန်ထမ်းအိမ်ရာများတွင် နေထိုင်ကြသော အရာထမ်း၊ အမှုထမ်း မိသားစုများနှင့် လူပျိုဆောင်၊ အပျိုဆောင်တို့တွင် နေထိုင်ကြသော ဝန်ထမ်းများအနေဖြင့် မိမိတို့ နေထိုင်သည့်တိုက်နှင့် အဆောင်ပတ်ဝန်းကျင်သန့်ရှင်းရေးကို ပူးပေါင်းဆောင်ရွက်ကြရန်၊ မိုးတွင်းကာလဖြစ်၍ ဝန်ထမ်းအိမ်ရာ တိုက်ပတ်ဝန်းကျင်ရှိ ရေမြောင်းများအတွင်း ခြင်၊ ယင်များ ပေါက်ပွားနိုင်ပြီး ကျန်းမာရေးထိခိုက်နိုင်သဖြင့် ရေမြောင်းများ ပိတ်ဆို့မှုမရှိစေဘဲ ရေစီးရေလာကောင်းမွန်စေရေး ရှင်းလင်းဆောင်ရွက်ရန်၊ ပတ်ဝန်းကျင် မြက်၊ ချုံနွယ်၊ ပေါင်းပင်များ ရှင်းလင်းဆောင်ရွက်ရန်၊ သစ်ပင်များ အလင်းဖွင့်ရန်နှင့် အမှိုက်များ စနစ်တကျစွန့်ပစ်ရန် သက်ဆိုင်ရာတိုက်တာဝန်ခံနှင့် အဆောင်တာဝန်ခံများအား မှာကြားသည်။

ထို့နောက် ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များ၌ ပတ်ဝန်းကျင်သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပမှု၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်မှု ရှိ/မရှိ ၊ သစ်ပင်များ အလင်းဖွင့် ဆောင်ရွက်မှု၊ မြက်ချုံများ ရှင်းလင်းမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၈-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၇၀ | ၂၈၅၀ | ၂၈၂၅ | ၂၇၈၀ | ၂၈၅၅ | ၂၈၆၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၆၀ | ၂၉၉၀ | ၂၈၄၀ | ၂၈၅၅ | ၂၈၉၀ | ၂၈၇၅ | ၂၈၉၀ | ၃၂၉၀ | ၄၂၅၀ |
| 95 Ron | ၂၈၉၅ | ၂၉၇၅ | ၂၉၅၀ | ၂၉၀၅ | ၂၉၈၀ | ၂၉၉၀ | ၃၀၀၅ | ၂၉၆၀ | ၃၀၈၅ | ၃၁၁၅ | ၂၉၆၅ | ၂၉၈၀ | ၃၀၁၅ | ၃၀၀၀ | ၃၀၁၅ | ၃၄၂၀ | ၄၄၀၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၅ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၅ | ၂၅၄၀ | ၂၅၇၀ | ၂၅၆၀ | ၂၅၇၀ | ၂၉၇၅ | ၄၂၅၀ |
| HSD (50 ppm) | ၂၉၂၀ | ၃၀၀၀ | ၂၉၇၅ | ၂၉၃၀ | ၃၀၀၅ | ၃၀၁၅ | ၃၀၃၀ | ၂၉၈၅ | ၃၁၁၀ | ၃၁၄၀ | ၂၉၉၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၂၅ | ၃၀၄၀ | ၃၄၄၅ | ၄၂၅၀ |
| HSD (10 ppm) | ၂၉၂၀ | ၃၀၀၀ | ၂၉၇၅ | ၂၉၃၀ | ၃၀၀၅ | ၃၀၁၅ | ၃၀၃၀ | ၂၉၈၅ | ၃၁၁၀ | ၃၁၄၀ | ၂၉၉၀ | ၃၀၀၅ | ၃၀၄၀ | ၃၀၂၅ | ၃၀၄၀ | ၃၄၄၅ | ၄၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၂၀ | ၂၇၀၆ |
| 95 Ron | ၂၇၄၂ | ၂၈၃၁ |
| HSD (500 ppm) | ၂၃၁၂ | ၂၃၈၈ |
| HSD (50 ppm) | ၂၇၆၆ | ၂၈၅၁ |
| HSD (10 ppm) | ၂၇၆၆ | ၂၈၅၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❂ ကျောဖုံးမှ

“ပွင့်ဖြူမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကျွဲနွားတိရစ္ဆာန်အစာပင် စိုက်ပျိုးရေးကို တစ်မြို့နယ်လုံး ၂၄၃၄ ဧက စိုက်ပျိုးသွားဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကျွဲနွားတိရစ္ဆာန်အစာပင် ဧက ၃၀၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးပြီးသွားပြီဖြစ်ပါတယ်။ ဒေသခံတောင်သူတွေကိုလည်း ကျွဲနွားတိစ္ဆာန်တွေအတွက် အစာရှားပါးမှု မဖြစ်စေဖို့နဲ့ ဝင်ငွေတိုးပွားရေးအတွက် မွေးမြူထားရှိတဲ့ ကျွဲနွားတိရစ္ဆာန်မွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်ဖို့ ကျွဲနွားတိရစ္ဆာန်အစာပင် စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး အဆင်ပြေအောင် မျိုးစေ့များ ဖြန့်ဖြူးပေးခြင်း၊ စိုက်နည်းစနစ်တွေနဲ့ ပိုးမွှားရောဂါ မကျရောက်စေဖို့ ကြိုတင်ကာကွယ်ရမည့်နည်းပညာတွေ အသိပညာပေးခြင်းစတဲ့ တောင်သူပညာပေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးပါတယ်” ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ကျွဲနွားတိရစ္ဆာန်အစာ ဖူလုံစေရန်အတွက် မိုးသီးနှံနှင့် ဆောင်းသီးနှံ စိုက်ပျိုးရာသီချိန်တွင် မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေတို့ဖြင့် နှံစားပြောင်း၊ ပဲမျိုးစုံသီးနှံ ၊ နေဗီယာနှင့် ဖူးစားပြောင်းတို့ကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ထိုသို့စိုက်ပျိုးရာ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများ သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုရှိစေရန် စိုက်ပျိုးရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေးနှင့် သဘာဝသွင်းအားစုပစ္စည်း ပြုလုပ်သုံးစွဲပုံနည်းစနစ်များ လက်တွေ့သရုပ်ပြသခြင်း ၊ သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး နည်းပညာပေးခြင်း စသည့် တောင်သူများ သိရှိလိုက်နာရမည့် စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# အောင်မြင်မှုတွေပိုင်ဆိုင်ဖို့ စာဖတ်ကြပါစို့

• • • • • • မောင်သောင်းဝင်း(တမန်ဟောင်း) • • • • • •

စာဖတ်ခြင်းသည် လူတစ်ဦးတိုးတက်စေရန် အကောင်းဆုံးအလေ့အထပင်ဖြစ်သည်။ ကြီးပွားတိုးတက်သူအများစုသည် စာဖတ်သူများဖြစ်ကြသည်။ တန်ဖိုးမဖြတ်နိုင်သော သတင်းအချက်အလက်များကို စာအုပ်စာစောင်များမှ ရှာဖွေစုဆောင်းကြသည်။ ဗဟုသုတရှာဖွေကြသည်။ ထို့နောက် အကျိုးရှိစွာအသုံးချကြသည်။ ကမ္ဘာကျော်ပုဂ္ဂိုလ်များသည် အတွေးအခေါ်များကို စာအုပ်ထဲမှ ရှာဖွေခဲ့ကြသည်။ စာဖတ်ခြင်းသည် အသစ်အသစ်သောစိတ်ကူးစိတ်သန်းများ ရှင်သန်လာစေပြီး အဆုံးမရှိသောအကျိုးကျေးဇူးများ ရရှိစေနိုင်သည်။ အထူးသဖြင့် ဘဝတွင် တိုးတက်အောင်မြင်ကြီးပွားပြီး ကြွယ်ဝချမ်းသာစေနိုင်ပါသည်။ အောင်မြင်သူအများစုသည် ၎င်းတို့၏အချိန် ၈၀ ရာခိုင်နှုန်းခန့်ကို စာဖတ်ခြင်းဖြင့် ကုန်ဆုံးလေ့ရှိကြသည်။

**အကျိုးကျေးဇူးများပြား**

စာဖတ်ခြင်းသည် လူတစ်ဦးကို ဖျော်ဖြေမှု၊ ပညာပေးမှုနှင့် တိုးတက်မှုများကို ပေးစွမ်းနိုင်သည်။ စာဖတ်ခြင်းသည် အသက်အရွယ်ပေါင်းစုံကို အရည်အသွေးတိုးတက်စေခြင်း၊ သတင်းအချက်အလက်သိရှိနိုင်ခြင်း၊ ကျိုးကြောင်းဆီလျော်စွာ တွေးခေါ်နိုင်သည့်အပြင် လုပ်ငန်းတာဝန်အပေါ်တွင်လည်း အာရုံစူးစိုက်နိုင်စေပါသည်။ စာဖတ်ခြင်းသည် လူတစ်ဦးကို မတူညီသောရှုထောင့်ပေါင်းစုံမှ တွေးခေါ်မြော်မြင်နိုင်စေသည့်အပြင် စာဖတ်သူတစ်ဦးသည် အကန့်အသတ်မရှိလေ့လာနိုင်မည်ဖြစ်သည်။

ထို့ပြင် စာဖတ်ခြင်းသည် တန်ဖိုးမဖြတ်နိုင်သော ဗဟုသုတများရရှိခြင်း၊ ဦးနှောက်ရင့်ကျက်အောင် လေ့ကျင့်ပေးနိုင်ခြင်း၊ စိတ်အပန်းပြေခြင်း၊ ပေါင်းသင်းဆက်ဆံမှုစွမ်းရည် တိုးတက်လာခြင်း၊ စိတ်ခွန်အားတိုးတက်လာခြင်း၊ တွေးခေါ်မြော်မြင်နိုင်စွမ်း တိုးတက်လာခြင်း၊ ခွဲခြမ်းစိတ်ဖြာဆန်းစစ်နိုင်စွမ်းမြင့်မားလာခြင်း၊ စိတ်ရှည်သည်းခံနိုင်မှုစွမ်းအားမြင့်မားလာခြင်း၊ စိတ်ကူးစိတ်သန်းကောင်းမွန်လာခြင်း စသည့်များစွာသောအကျိုးကျေးဇူးများကို ရရှိစေပါသည်။ သာဓကအနေဖြင့် နေ့စဉ်ထုတ်သတင်းစာတစ်စောင်လောက်ကို ပုံမှန်ဖတ်သူသည် အခြားသူများထက် ဗဟုသုတပိုမိုကြွယ်ဝလာပြီး ပကတိအခြေအနေမှန်များကို သိရှိနိုင်မည်ဖြစ်သည်။

**စာကြည့်တိုက်ယဉ်ကျေးမှု**
**ထွန်းကားစေရေးဆောင်ရွက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့်



တပ်မတော်ဌာနချုပ်များ၊ တပ်ရင်း/ တပ်ဖွဲ့စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဧပြီလ ၃ ရက်နေ့တွင် နေပြည်တော် အမျိုးသားစာကြည့်တိုက်၌ ပြုလုပ်ခဲ့သည်။ ၎င်းလှူဒါန်းပွဲ၌ လူထုသိပ္ပံကျမ်းအတွဲ (၃) တွဲမှ စာအုပ် ၄၅၀၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာနကလည်း သုတ၊ ရသစာအုပ် ၅၅၀၀ ကို လှူဒါန်းခဲ့သည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကိုလည်း ဧပြီလ ၁၀ ရက်နေ့တွင် အမျိုးသားစာကြည့်တိုက်၌ ပြုလုပ်ခဲ့သည်။ ၎င်းအခမ်းအနားတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တပ်မတော်နှင့် ပြင်ပအလှူရှင်များ၏ စုစုပေါင်းလှူဒါန်းမှုအနေဖြင့် ငွေကျပ် ၉၈၅၁၆၅၄၅၀ နှင့် သုတ၊ ရသစာအုပ်စာစောင် ၇၉၂၁၁ အုပ်အထိ ရှိခဲ့သည်။ နိုင်ငံတစ်ဝန်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူ့စာကြည့်တိုက် ၄၁၀ ဖွင့်လှစ်ထားရှိသည်။ ထို့ပြင် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းထောက်ပံ့မှု၊ ရပ်ရွာပြည်သူလူထုအစီအစဉ်ဖြင့် ဖွင့်လှစ်ထားသည့် စာကြည့်တိုက် ၃၅၀၀ ကျော် ရှိသည်။

**စာဖတ်ဝါသနာထုံလာစေရန်**

တိုးတက်သောနိုင်ငံများမှ နိုင်ငံသားများသည် စာဖတ်အားကောင်းကြသည်။ ခရီးသွားနေသည့်အချိန်မျိုးမှာပင်လျှင် လက်ထဲ၌ စာအုပ်တစ်အုပ်ကိုင်ထားလေ့ရှိကြသည်။ လေဆိပ်နှင့် ဘူတာများ၌ ခရီးတစ်ထောက်နားသည့် အချိန်မျိုး၌ပင်လျှင် စာအုပ်ဖတ်နေတတ်ကြသည်။ လေယာဉ်၊ ရထား၊ ကား၊ သင်္ဘောများပေါ်ရောက်သည်နှင့် စာအုပ်ဖွင့်ဖတ်ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ ကလေးငယ်များကိုလည်း အနာဂတ်၏ခေါင်းဆောင်များဖြစ်လာအောင် ငယ်စဉ်ကတည်းက စာပေနှင့် ရင်းနှီးကျွမ်းဝင်မှုရှိနေအောင် လေ့ကျင့်ပျိုးထောင်ထားရမည်။

ကျောင်းစာကြည့်တိုက်များသည် ကျောင်းနေအရွယ်ကလေးငယ်များ စာပေနှင့် ရင်းနှီးကျွမ်းဝင်မှုရှိရေးတွင် များစွာအရေးပါလျက်ရှိသည်။ ကျောင်းစာကြည့်တိုက်များတွင် ကလေးငယ်များ ကြိုက်နှစ်သက်သည့် ရုပ်ပြစာအုပ်စာစောင်များ၊ ပုံပြင်စာအုပ်များ၊ ဉာဏ်စမ်းစာအုပ်များ၊ တက်ကျမ်းစာအုပ်များ စသည်ဖြင့်ကဏ္ဍစုံစွာထားရှိရန် လိုအပ်ပါသည်။ သက်ဆိုင်ရာကျောင်းအုပ်ကြီးများကလည်း ကျောင်းသား ကျောင်းသူများ စာကြည့်တိုက်ဝင်နိုင်ရေး၊ စာအုပ်စာစောင်များ ဖတ်ရှုရေးအတွက် စည်းရုံးလှုံ့ဆော်ပေးရန် လိုအပ်ပါသည်။ ကျောင်းပိတ်ရက်များတွင်ကလေးများကိုစာအုပ်ငှားရမ်းဖတ်ရှုနိုင်ရန် စီမံထားရန်လိုအပ်သည်။ လစဉ် စာဖတ်စွမ်းရည်ပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ ကာတွန်း၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများ ကျင်းပပေးမည်ဆိုလျှင် ကလေးများ၏ စာဖတ်နှုန်းသည် သိသိသာသာ တိုးတက်လာမည်ဖြစ်သည်။ သာဓကအနေဖြင့် ဟားဗတ်တက္ကသိုလ်ရှိ စာကြည့်တိုက်တွင် နံနက် ၃ နာရီအချိန်အထိ စာဖတ်သူများရှိနေသည်ဟု ဆိုသည်။

မိဘများအနေဖြင့်လည်း ကလေးများကို ကျောင်းစာလေ့လာကျက်မှတ်ဖို့ချည်း အားပေးမနေဘဲ ပြင်ပစာပေဖတ်ရှုခွင့်အချိန်လည်း စီမံခန့်ခွဲပေးသင့်ပါသည်။ ကလေးငယ်များ စာဖတ်ဝါသနာထုံလာစေရန် ရွှေသွေး၊ မိုးသောက်ပန်းနှင့် တေဇရုပ်စုံစာအုပ်၊ ဗုဒ္ဓဖြစ်တော်စဉ်များ၊ ပုံပြင်စာအုပ်များဖြင့် စတင်လေ့ကျင့်ပေးသင့်ပါသည်။ မိဘများသည် ကလေးများနှင့်သင့်တော်သည့် ရုပ်ပြကာတွန်းစာအုပ်များ၊ ပုံပြင်စာအုပ်များကို လစဉ်ဝယ်ပေးထားမည်ဆိုလျှင် ကလေးများသည် စာဖတ်ဝါသနာထုံလာမည်ဖြစ်သည်။ ကလေးငယ်များ၏ရင်ထဲတွင် စာအုပ်စာပေအပေါ် မြတ်နိုးတန်ဖိုးထားပြီး စာဖတ်တတ်သည့်အလေ့အထ စွဲမြဲလာစေရန်သည် ထိုကလေးများနှင့် လက်တစ်ကမ်းအကွာတွင် ကလေးစာပေများ ထားရှိပေးရန်ပင်ဖြစ်သည်။ အထူးသဖြင့် အားလပ်သည့်ရုံးပိတ်ရက်များတွင် မိသားစုအလိုက် စာကြည့်တိုက်သွားပြီး စာဖတ်၊ စာအုပ်ရှာ၊ စာအုပ်ငှားသည့်အလေ့အထကို မွေးမြူထားသင့်ပါသည်။ စာကြည့်တိုက်တွင် ကလေး၊ လူငယ်၊ လူလတ်၊ လူကြီး အသက်အရွယ်ပေါင်းစုံတို့အတွက် စာအုပ်မျိုးစုံရှိပါသည်။ ထို့ပြင် မိဘများသည် ကလေးငယ်များအား စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုတတ်စေရန် လမ်းညွှန်ပြသဖို့လိုအပ်ပါသည်။

မိဘများကိုယ်တိုင်လည်း အကျိုးရှိသောစာပေများကို ရွေးချယ်ဖတ်ရှုနိုင်သူများဖြစ်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းလေ့လာဖတ်ရှုမှတ်သားထားသင့်ပါသည်။ သား၊ သမီးများသည် မိဘများ၏ ပြောဆိုပြုမူမှုပုံစံများကိုကြည့်၍ လိုက်နာကျင့်ကြံဆောင်ရွက်လျက်ရှိကြသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များစာဖတ်ဖို့ဆိုလျှင် လူကြီးများအပေါ်တွင် များစွာမူတည်နေသည်။ အထူးသဖြင့် ရုံးပိတ်ရက်များတွင် ကလေးများကို စာအုပ်ဆိုင်များနှင့်တွဲ၍ဖွင့်ထားသည့် ကုန်တိုက်များ၊ ကစားကွင်းများသို့ ခေါ်သွားသင့်ပေသည်။ မိသားစုအပြင်ထွက်တိုင်း ကလေးများကို ကြိုက်နှစ်သက်ရာ စာအုပ်ဝယ်ယူခွင့်ပေးသင့်သည်။ စာအုပ်ကို မြတ်မြတ်နိုးနိုး ဝယ်ချင်လာအောင်လည်း တိုက်တွန်းသင့်ပေသည်။ ကလေးတစ်ဦးသည် စာအုပ်အပေါ် ခုံမင်လာပြီဆိုလျှင် စာဖတ်ဖြစ်တော့မည်ဖြစ်သည်။ စာဖတ်သောကလေးသည် အနာဂတ်အတွက် ပူပန်စရာမလိုတော့ပေ။

မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ပင်ဖြစ်သည်။ စာဖတ်သည့် လူငယ်များသည် လူ့အဖွဲ့အစည်းကို ကောင်းကျိုးပြုနိုင်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်သည်။ အထူးသဖြင့် ပညာတတ်လူငယ်များ ပေါ်များသည့်နိုင်ငံတွင် တိုးတက်မှုကို မြန်မြန်ဆန်ဆန် ဖော်ဆောင်နိုင်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အနာဂတ်ခေါင်းဆောင်များ၏ ထက်မြက်သော ဉာဏ်ရည်ဉာဏ်သွေးများနှင့် အတွေးအခေါ် အယူအဆများ မှန်ကန်ထက်မြက်မြင့်မားလာစေရန်၊ ကလေးငယ်များ၏ တီထွင်ဖန်တီးလိုစိတ်များ ရှင်သန်နိုးကြားလာစေရန်၊ ဗဟုသုတဖြစ်ဖွယ် စာပေနှင့် ရင်းနှီးကျွမ်းဝင်ပြီး စာဖတ်ဝါသနာပါလာစေရန်၊ ကလေးငယ်များ လန်းဆန်းတက်ကြွကာ ပျော်ရွှင်လာစေရန်နှင့် စုပေါင်းဆောင်ရွက်တတ်သည့်အလေ့အကျင့်ကောင်းများ ရရှိလာစေရန် အလေးထားဆောင်ရွက်လျက်ရှိကြသည်။

ထို့ပြင် အစိုးရအဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့်လည်း ရုံး၊ ဌာနအဖွဲ့အစည်းများအလိုက် ကိုယ်ပိုင်စာကြည့်တိုက်များ ထူထောင်ထားသင့်သည်။ ၎င်းစာကြည့်တိုက်များတွင် လုပ်ငန်းအထောက်အကူပြုစာအုပ်စာစောင်များအပြင် သုတ၊ ရသစာပေများကိုလည်း ဖြည့်ဆည်းထားသင့်ပေသည်။ အထူးသဖြင့် ရုံး၊ ဌာနများအနေဖြင့် ဝန်ထမ်းများအား စာကြည့်တိုက်မှ စာအုပ်ငှားရမ်းဖတ်ရှုလာစေရေး စည်းရုံးသိမ်းသွင်းဆောင်ရွက်သင့်ပေသည်။ သို့မှသာလျှင် ဝန်ထမ်းများ၏ ဗဟုသုတကြွယ်ဝလာပြီး စွမ်းဆောင်ရည်တိုးတက်လာစေမည်ဖြစ်သည်။

စာမျက်နှာ ၁၈ သို့ ✢

> **“ မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ပင်ဖြစ်သည်။ စာဖတ်သည့်လူငယ်များသည် လူ့အဖွဲ့အစည်းကို ကောင်းကျိုးပြုနိုင်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်သည်။ အထူးသဖြင့် ပညာတတ်လူငယ်များပေါ်များသည့်နိုင်ငံတွင် တိုးတက်မှုကို မြန်မြန်ဆန်ဆန်ဖော်ဆောင်နိုင်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အနာဂတ်ခေါင်းဆောင်များ၏ ထက်မြက်သော ဉာဏ်ရည်ဉာဏ်သွေးများနှင့် အတွေးအခေါ် အယူအဆများ မှန်ကန်ထက်မြက်မြင့်မားလာစေရန်၊ ကလေးငယ်များ၏ တီထွင်ဖန်တီးလိုစိတ်များ ရှင်သန်နိုးကြားလာစေရန်၊ ဗဟုသုတဖြစ်ဖွယ်စာပေနှင့် ရင်းနှီးကျွမ်းဝင်ပြီး စာဖတ်ဝါသနာပါလာစေရန်၊ ကလေးငယ်များ လန်းဆန်းတက်ကြွကာ ပျော်ရွှင်လာစေရန်နှင့် စုပေါင်းဆောင်ရွက်တတ်သည့်အလေ့အကျင့်ကောင်းများ ရရှိလာစေရန် အလေးထားဆောင်ရွက်လျက်ရှိ ”**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး တောင်ကြီး၊ ညောင်ရွှေ၊ ပင်းတယမြို့နယ်များမှ နေကြာစိုက်တောင်သူများနှင့် တွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ဩဂုတ် ၂ ရက်နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ သွားရောက်၍ ကယားပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့မှ ယာယီတွဲဖက်ထားသော ဝန်ကြီးဌာနအောက် ဝန်ထမ်းများနှင့် တွေ့ဆုံကာ မိသားစုများနေထိုင်ရေး၊ သားသမီးများ၏ ပညာရေး၊ တာဝန်ထမ်းဆောင်မှု အခြေအနေများနှင့် တစ်ဦးချင်းအခက်အခဲများကို မေးမြန်း၍ လိုအပ်သည်များ မှာကြားပြီး ဦးစီးဌာနအလိုက် ဒုတိယညွှန်ကြားရေးမှူးချုပ်များက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒေသအလိုက် ဦးစီးဌာနများမှ တာဝန်ရှိသူများက လိုအပ်ချက်များကို တင်ပြရာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် တောင်ကြီးမြို့ သမဝါယမ စာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက်၍ နည်းပြဆရာ ဆရာမများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်နေသော ပထမနှစ်၊ ဒုတိယနှစ် သင်တန်းသား သင်တန်းသူများ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် သင်တန်းပြီးဆုံး၍ ဒေသတွင်းကုမ္ပဏီများ၊ စီးပွားရေး အသင်းအဖွဲ့များ၊ သမဝါယမအသင်းများ၌ လုပ်ငန်းခွင် ဝင်ရောက်နေကြပြီဖြစ်သော ကျောင်းသား ကျောင်းသူဟောင်းများနှင့် တွေ့ဆုံကာ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်များ၊ သမဝါယမ ကောလိပ်များသို့ ပေါင်းကူးတက်ရောက်ခွင့်ရရှိရန် ကြိုးစားသင်ယူကြရေး မှာကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အမှာစကားပြောကြားပြီး ကျောင်းအုပ် ဆရာမကြီးက သင်တန်းကျောင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လုပ်ငန်းခွင် ဝင်ရောက်နေသော ကျောင်းသား ကျောင်းသူဟောင်းများကိုနှုတ်ဆက်၍ အခက်အခဲများ မေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တောင်ကြီးမြို့နယ် ဟဲကယ်ကျေးရွာသို့ သွားရောက်ပြီး တောင်ကြီးမြို့နယ်နှင့် ညောင်ရွှေမြို့နယ်တို့မှ ဆီထွက်သီးနှံ နေကြာစိုက် သမဝါယမ အသင်းသား တောင်သူများနှင့် တွေ့ဆုံခဲ့ရာ သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးက သမဝါယမ အသင်းများ၏ ပံ့ပိုးမှုဖြင့် ဆီထွက်သီးနှံ မြေပဲ ၁၄၂ ဧက စိုက်ပျိုးပြီးစီးမှု အခြေအနေ၊ လာမည့် ဆောင်းရာသီ သီးနှံ နေကြာဧက ၅၀၀၀ စိုက်ပျိုးမည့် အခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရှမ်းပြည်နယ် သမဝါယမ အသင်းစုချုပ်နှင့် မြို့နယ်သမဝါယမအသင်းများ အနေဖြင့် နေကြာစိုက်တောင်သူများအတွက် လိုအပ်သည့် မျိုး၊ သွင်းအားစု ဓာတ်မြေဩဇာများ အချိန်မီ ဆောင်ရွက်ပေးရေး မှာကြားပြီး ဒုတိယဝန်ကြီးနှင့် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က သမဝါယမအသင်းသား တောင်သူများအတွက် သွင်းအားစု ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ကလောမြို့နယ် တင်ကြီးကြပ် ကျေးရွာသို့ သွားရောက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တင်ကြီးကြပ်ကျေးရွာတွင် အနက်ပေ ၃၄၀ စက်ရေတွင်း တူးဖော်၍ ဆိုလာရေတင်စနစ်ဖြင့် နှစ်ဆင့်မြှင့်တင်ပေးပြီး တင်ကြီးကြပ် ကျေးရွာအပါအဝင် ကျေးရွာခြောက်ရွာ သောက်သုံးရေ ဖြန့်ဝေပေးနေသည့် လုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ ကျေးရွာသားများ၏ ဒေသဖွံ့ဖြိုးရေး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် ပင်းတယမြို့နယ် ပွေးလှကျေးရွာသို့ သွားရောက်၍ လာမည့် ဆောင်းရာသီတွင် ဆီထွက်သီးနှံ နေကြာစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံပြီး ဒုတိယဝန်ကြီး၊ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌတို့က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက အသင်းသား တောင်သူများအတွက် သွင်းအားစု ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျေးရွာသူ ကျေးရွာသားများ၏ ဒေသဖွံ့ဖြိုးရေး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြောက်ဥက္ကလာပမြို့နယ် ပညာရေးဝန်ထမ်းများ ငွေစု / ငွေချေး သမဝါယမအသင်းလီမိတက်၏ အကြိမ်(၃၀)မြောက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ် ပညာရေးဝန်ထမ်းများ ငွေစု/ငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အကြိမ်(၃၀)မြောက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ငုဝါခန်းမ၌ ကျင်းပသည်။



အဆိုပါ နှစ်ပတ်လည်အစည်းအဝေးတွင် မြောက်ဥက္ကလာပ မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးချစ်ကိုကိုဦးက လက်ရှိလုပ်ကိုင် ဆောင်ရွက်နေသည့် သမဝါယမလုပ်ငန်းစဉ်များ၊ အသင်းဥပဒေ/နည်းဥပဒေများကို ပြောကြားခဲ့ပြီး အသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အသင်း၏ အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစုပြည့်အသင်းသား ၈၁၆ ဦးအား တစ်ဦးလျှင် မြေပဲဆီသန့် ၅၀ ကျပ်သား၊ တန်ဖိုးငွေကျပ် ၇၂၅၀၀၀ နှင့် စုဆောင်းပေါ် အတိုးငွေ ၁၇၂၀၈၃၀၂ ကျပ်အား အသင်းမှ ထုတ်ပေးရာ အသင်းဝင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်လှစ်

**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ရန်ကုန်ပညာရေးတက္ကသိုလ် ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းဖွင့်ပွဲကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်တင်လေး တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဌေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန်ပညာရေးတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာကေသွယ်လှိုင်က ကျေးဇူးတင်စကား ပြောကြားသည်။




ယင်းနောက် ရန်ကုန်ပညာရေးတက္ကသိုလ် ကြက်ခြေနီအသင်းခွဲအတွက် ရှေးဦးပြုစုခြင်းဆေးအိတ်ကို ထောက်ပံ့ပေးအပ်သည်။

အဆိုပါသင်တန်းကို စနေ၊ တနင်္ဂနွေ ရက်သတ္တပတ် လေးပတ်ဖွင့်လှစ်လျက်ရှိရာ သင်တန်းသား သင်တန်းသူ ၃၇၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

✢ စာမျက်နှာ ၁၇ မှ

**အောင်မြင်မှုတွေပိုင်ဆိုင်ဖို့ စာဖတ်ကြပါစို့**

စင်စစ်အားဖြင့် ငယ်စဉ်ကတည်းက စာဖတ်ဝါသနာပါသောကလေးများသည် အရွယ်ရောက်လာသည့်အချိန်တွင် တိုင်းပြည်ကအားထားရသည့် လူငယ်များဖြစ်လာကြသည်။ ဆိုရလျှင်စာဖတ်သူသည် အကောင်း၊ အဆိုး၊ အကြောင်း၊ အကျိုးကို ဝေဖန်ခွဲခြားဆန်းစစ် ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။ စာဖတ်သောကလေးများသည် နှလုံးသားနူးညံ့သိမ်မွေ့ကြသည်။ သူတစ်ပါးအပေါ် ကိုယ်ချင်းစာနာစိတ်ရှိကြသည်။ အတ္တနည်းပါးကြသည်။ အပြုသဘောဆောင်စွာ တွေးခေါ်တတ်ကြသည်။ ပတ်ဝန်းကျင်အပေါ် အကောင်းမြင်စိတ်ရှိကြသည်။ လူကြီးမိဘများအပေါ် သိတတ်ကြသည်။ လူ့အသိုက်အဝန်းကို အကျိုးပြုလိုစိတ်ရှိကြသည်။ ထိုကလေးများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုကြပါသည်။

ငယ်စဉ်ကတည်းက စာပေနှင့် ရင်းနှီးကျွမ်းဝင်သောကလေးသည် ကိုယ်ပိုင်အနာဂတ်ကို ပုံဖော်ထုဆစ်တည်ဆောက်နိုင်စွမ်းရှိကြသည်။ မိမိတိုးတက်မှုကို ရှာဖွေနိုင်ကြသည်။ မိဘများသည် စာဖတ်ဝါသနာထုံသော ကလေးများ၏အရေးအရာများတွင် အမြဲတစေပါဝင်နေရန်မလိုပေ။ ဆိုရလျှင် စာဖတ်နေသောကလေးတစ်ဦးသည် အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားနိုင်သည့်ပညာဆိုသော အရာကို ပိုင်ဆိုင်ထားနိုင်ပေသည်။ ကျရှုံးမှုများ၊ အခက်အခဲများကို ကျော်လွှားနိုင်သည့်နည်းလမ်းများကို စာအုပ်စာပေများမှ တူးဆွရှာဖွေထားပြီးဖြစ်သည်။ ထို့အပြင် အရေးကြီးသောဆုံးဖြတ်ချက်များကိုလည်း တွေဝေမှုမရှိဘဲ ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။ စာဖတ်သောကလေးငယ်များသည် ဘဝခရီးလမ်းတွင် တိုးတက်ပြီးရင်း တိုးတက်လျက်ရှိကြသည်။

ထို့ပြင် လူတစ်ဦးချင်းစီ၏ စာဖတ်နှုန်းတိုးတက်လာမှုကြောင့် လူ့အဖွဲ့အစည်းအတွင်း ဒုစရိုက်လုပ်ငန်းများ လျော့ကျလာနိုင်သည့်အပြင် တိုင်းပြည်တိုးတက်ရေးအတွက်လည်း များစွာအထောက်အကူပြုစေပါသည်။ စာကောင်းပေမွန်များ ဖတ်ရှုမှတ်သားလေ့လာမှုအားကောင်းသူများဖြင့်သာ စုစည်းတည်ဆောက်ထားသော လူ့အသိုက်အဝန်းသည် တစ်နေ့တခြား တိုးတက်မှုရှိနေမည်မှာ ငြင်း၍မရသော ပကတိအရှိတရားပင်ဖြစ်သည်။ ထို့ကြောင့် လူတစ်ဦးချင်းစီမှသည် မြန်မာ့လူမှုအသိုက်အဝန်းကြီး အောင်မြင်မှုများပိုင်ဆိုင်နိုင်စေရန်အတွက် စာကောင်းပေမွန်များကို ပုံမှန်ဖတ်ရှုသွားကြပါစို့ဟု အကြံပြုတိုက်တွန်းလိုက်ရပါသည်။ ။

■

# ရေကြီးမှုအခြေအနေနှင့် စိုးရိမ်ရေမှတ်တည်ရှိနေမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၄

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ၅ ပေခန့် (၁၄၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ (၇၀၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ)အထက်သို့ နှစ်ပေခန့် (၅၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ နိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ငါးပေခန့် (၁၄၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ဝ၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၃၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဝေန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲခန့် (၄၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဝေန်မြစ်ရေသည် ပုသိမ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁ ဒသမ ၄၈ ပေ (၃၅၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၁၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ သာပေါင်းမြို့နယ်၊ ပုသိမ်မြို့နယ်၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ



## မိတ္ထီလာမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေး ဟောပြော

မိတ္ထီလာ ဩဂုတ် ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အုံတုံကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မြင့်သန်းတို့က အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ လက်ထောက်မြို့နယ်ဦးစီးမှူး ဦးမျိုးလွင်က သန်းခေါင်စာရင်းဆိုင်ရာ ရည်ရွယ်ချက်၊ သမိုင်းကြောင်း၊ ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့် အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများ စသည့်အကြောင်းအရာများကို အသိပညာပေးရှင်းလင်းရာ တက်ရောက်လာသူများက သန်းခေါင်စာရင်းဆိုင်ရာများနှင့် ပတ်သက်၍ မေးမြန်းလာမှုများကို ပြန်လည်ဖြေကြားသည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## မိုင်းခတ်မြို့၌ ချောင်းရေကျဆင်း၍ ခရီးသွားပြည်သူများ၊ မော်တော်ယာဉ်များ ပုံမှန်ပြန်လည်သွားလာ၍ရ

မိုင်းခတ် ဩဂုတ် ၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဩဂုတ် ၁ ရက် ညနေပိုင်းက နမ့်လွေချောင်းရေမှတစ်ဆင့် ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းသွားလမ်းမပေါ်သို့ ရေကျော်ခဲ့ရာ ယနေ့ နံနက်ပိုင်းတွင် ရေပြန်လည်ကျဆင်း၍ ခရီးသွားပြည်သူများ၊ ယာဉ်ကြီး၊ ယာဉ်ငယ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီ ဖြစ်ကြောင်း သိရသည်။



မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်း မိုင်တိုင်အမှတ် ၇၄ နှင့် ၇၅ အကြား အရှည်ပေ ၁၅၀ ခန့်ရှိ လမ်းမပေါ်သို့ ရေတစ်ပေခွဲခန့်နှင့် (၇၄/၅) နှင့် (၇၅/၀) အကြား အရှည် ပေ ၃၀၀ ခန့်ရှိလမ်းမပေါ်သို့ ရေလေးပေခန့် မြင့်တက်လာမှုကြောင့် ဩဂုတ် ၂ ရက်နှင့် ၃ ရက်တို့တွင် ယာဉ်သွားလာမှုများ ခေတ္တရပ်နားထားခဲ့ရသည်။

အဆိုပါလမ်း ရေကျော်မှုတွင် နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်စိုးတို့၏ စီမံမှုဖြင့် အရေးပေါ် ကူညီကယ်ဆယ်ရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်လမ်းဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များက စက်တပ်လှေငယ်များဖြင့် ခရီးသွားပြည်သူများ၊ မော်တော်ဆိုင်ကယ်များအား သယ်ယူပို့ဆောင်ပေးခြင်း၊ ထမင်းဘူးနှင့် ရေဘူးများ ဝေငှခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ချောင်းရေပြန်လည်ကျဆင်းသွား၍ ယနေ့နံနက် ၇ နာရီတွင် ပုံမှန်အတိုင်း ယာဉ်ကြီး၊ ယာဉ်ငယ်များ၊ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ ပြန်လည်ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

နန်းနွယ်နီ(ပြန်/ဆက်)

## ပင်လောင်းမြို့နယ်၌ မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် ကားလမ်းမြေပြိုကျမှုနှင့် ကားလမ်းမပေါ် မြေသားများ ပြိုကျမှုဖြစ်ပွား

ပင်လောင်း ဩဂုတ် ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် မိုးအဆက်မပြတ် ရွာသွန်းခဲ့ပြီး တောင်ကျရေများ စီးဆင်းမှုကြောင့် ဘန့်ဘာကျေးရွာအုပ်စု ပင်ကာလကျေးရွာ အနီး၌ ယမန်နေ့က ပင်ကာလတောင်အဆင်း လွိုင်ကော် – အောင်ပန်း ကားလမ်း မြေပြိုမှုဖြစ်ပွားခဲ့သည်။



**လူနှင့်တိရစ္ဆာန်များထိခိုက်မှုမရှိ**

လွိုင်ကော် – အောင်ပန်း ကားလမ်းသည် အကျယ်ပေ ၄၀၊အနက် ၁၀ ပေ ခန့်မြေပြိုခဲ့ကြောင်း၊ အလားတူ ယမန်နေ့ မွန်းလွဲ ၁ နာရီကျော်တွင် တောင်ထီဗွာ ကျေးရွာအုပ်စု နန်းပန်းညောင်ပင်ရွာ အနီး ပျဉ်းမနား – ပင်လောင်းလမ်းမပေါ် တောင်ပြိုကျ၍ အရှည်ပေ ၂၀၊ အမြင့်ငါးပေခန့်နှင့် မွန်းလွဲ ၃ နာရီကျော်တွင် ဇကကျေးရွာ အရှေ့ဘက်တွင် မြေသားများ ပြိုကျ၍ ပျဉ်းမနား – ပင်လောင်း လမ်းမပေါ် အရှည်ပေ ၈၀၊ အမြင့်ပေ ၂၀ ခန့်၊ ညနေ ၆ နာရီခန့်တွင် ချောင်းဂွကျေးရွာအနီး ပျဉ်းမနား – ပင်လောင်းသွား ကားလမ်း မိုင်တိုင် (၄၈/၇)နှင့် (၄၉/၀) ကြားရှိ တံတားအမှတ်(၄/၄၉)၊ အလျား ၆၅ ပေ၊ အနံ ၂၄ ပေရှိ ချောင်းဂွ တံတားအား တောင်ကျရေများ တိုက်စားသဖြင့် တံတားချဉ်းကပ် အရှည်ပေ ၂၀၊ အကျယ် ၁၀ ပေ၊ အမြင့် ၁၂ ပေခန့် ပျက်စီးခဲ့ကြောင်း၊ ည ၈ နာရီခွဲတွင် ပေါင်းလောင်းမြို့ သပြေကုန်းကျေးရွာအုပ်စု ကိုးကွေ့ကျေးရွာအနီး ကနစိုးတောင်မှ မြေသားများ ပြိုကျပြီး ပေါင်းလောင်း-ကင်းသာ သွားကား လမ်းအရှည်ပေ ၂၅၀၊ အကျယ်ပေ ၄၀၊ အမြင့် ၄ ပေခန့် မြေများ ထပ်မံ ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း မြေပြိုကျမှုကြောင့် မော်တော်ယာဉ်များ သွားလာ၍ မရတော့ကြောင်းနှင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှု မရှိကြောင်း သိရသည်။

**ဆောင်ရွက်လျက်ရှိ**

အဆိုပါ မြေပြိုကျသည့်နေရာများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ သွားရောက် ကြည့်ရှုကြကြောင်း၊ မြေပြိုကျမှုကြောင့် ပျက်စီးနေသည့် လမ်းပိုင်းများအား ပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီး မော်တော်ယာဉ်များ အမြန်ပြန်လည် သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ Grade-12 ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့်ဘာသာရပ်ဆိုင်ရာ ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် Grade-12 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘောဂဗေဒ၊ ဘာသာရပ်များကို Grade-12 (တက္ကသိုလ် ဝင်တန်း) ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ကြေးမုံစာတည်းအဖွဲ့

## မြန်မာစာ — ပါမောက္ခ ဒေါက်တာဖော်

၂၉ - ၇- ၂၀၂၄ ရက်နေ့မှအဆက်-

### ငှက်ကိုလွယ် အမယ်ကြီးနှင့် ကဗျာ

ငှက်ကိုလွယ် အမယ်ကြီးနှင့်ကဗျာလေ့ကျင့်ခန်းမေးခွန်းများကို ထိထိရောက်ရောက် ဖြေဆိုနိုင်ဖို့ အခြေခံလိုအပ်ချက်ကပေးထားတဲ့ ကဗျာကို အသေအချာ နားလည်ထားဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ခက်ဆစ်အားလုံးရဲ့ အဓိပ္ပာယ်တွေကို သိနေရပါမယ်။ ကဗျာမှာတွေ့ရတဲ့ အလင်္ကာတွေကို သိနေရပါမယ်။

အထူးသဖြင့်တော့ ငှက်ကိုလွယ် အမယ်ကြီးနှင့်ကဗျာမှာ စာဆို သုံးနှုန်းထားတဲ့ စကားအသုံးအနှုန်းတွေကို အလေးထား လေ့လာသင့်ပါတယ်။ အိုင်ချင်းကဗျာရဲ့ သဘောသဘာဝဖြစ်တဲ့ နန်းမူနန်းရာမပါ။ တောမူတောရာ အသုံးအနှုန်းတွေနဲ့ ရေးဖွဲ့ထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဥပမာ- **ယောင်းမ၊ အမယ်ကြီး၊ ဘကြီး၊ ဆူး၊ လှေကား၊ နွားရိုင်း၊ ဓား၊ လှံ၊ ထုပ်၊ လျှောက်၊ ခဲအို၊ ရွာလယ်ခေါင်၊ ခုတင်**စတဲ့ စကားလုံး အသုံးအနှုန်းတွေဟာ ကျေးလက်ဘဝကို ထင်ဟပ်စေတဲ့ အသုံးအနှုန်းများ ဖြစ်ကြောင်း ပေါ်လွင်စေပါတယ်။

ညောင်ရမ်းခေတ် ကျေးလက်မိန်းခလေးများကို အမိအဖတို့က မည်သို့ စောင့်ရှောက်ပုံကို ဝက်ဝုတ္တိအလင်္ကာ အမျိုးမျိုးနဲ့ ထပ်ခါဆင့်ခါ ရေးဖွဲ့ထားပုံကိုလည်း မှတ်သားကြရမှာ ဖြစ်ပါတယ်။ ဥပမာ- **ဂဠုန်မောင့်ကြောင့် စောင့်တော့တယ်၊ လှံထောင်မောင့်ကြောင့် စိုက်တော့တယ်စသဖြင့်ပေါ့။ ကြွက်ရဲ့အယောင် ကြောင်ရဲ့အလား (ဥပမာအလင်္ကာ)၊ ဖောင်ဖောင် (မြည်သံစွဲအလင်္ကာ)** စတဲ့ အသုံးအနှုန်းတွေဟာလည်း တောမူတောရာကို ဖော်ပြနေကြကြောင်း မှတ်သားထားသင့်ပါတယ်။ ဒါမှသာ လေ့ကျင့်ခန်းမှာ မေးထားသမျှကို အဆင်သင့် ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

ငှက်ကိုလွယ် အမယ်ကြီးနှင့်ကဗျာမှာ မိန်းမပျိုလေးရဲ့ ခံစားချက်ကို ပေါ်လွင်စေတဲ့ အဖွဲ့များကိုလည်း မှတ်သားထားသင့်ပါတယ်။

ဤကဗျာတွင် မိန်းမပျိုလေး၏ အချစ်အလွမ်း၊ စိုးရိမ်ပူပန်ရခြင်း၊ ပျော်ရွှင်ကြည်နူးခြင်းစသော ခံစားမှုအဖုံဖုံကို ဖော်ပြနေသော အဖွဲ့များ ကို တွေ့ရမှာ ဖြစ်ပါတယ်။

မိန်းမပျိုလေး၏ မိခင်နှင့်ဖခင်တို့သည် သူမ၏ချစ်သူမောင်ကို မကြည်ဖြူ မနှစ်သက်ကြပါ။ မိန်းမပျိုလေးကို ချစ်သူမောင်နှင့် ပေး၍ မတွေ့စေချင်ပါ။ မိန်းမပျိုလေးနှင့် ချစ်သူမောင် မတွေ့နိုင်စေရန် နည်းအမျိုးမျိုးနှင့် ဖျက်ရန် ကြံစည်ထားကြပါသည်။ ချစ်သူမောင် အလွယ်တကူ မလာရောက်နိုင်စေရန် အိမ်၏ အရပ်လေးမျက်နှာတွင် ဆူးကိုင်းဆူးခက်များကို စေ့စပ်လုံခြုံစွာချထား ကာရန်ထားပါသည်။ မိန်းမပျိုလေး ရှိရာအိမ်ပေါ်သို့ အလွယ်တကူ မတက်ရောက်နိုင်ရန် လှေကားခုံတွင် ဂဠုန်ရုပ်အင်းကွက်တွေ စီရင်ရေးဆွဲပြီး အစောင့်ချ ထားပါသည်။ လှေကားထိပ်တွင် ဘီလူးရုပ်ရေးဆွဲကာ ဂါထာမန္တံစီရင်ထားပါသည်။ လှေကားခုံခြေရင်းတွင် ဆူးလေဆူးများ ကြဲပက်ထားပါသည်။ ချစ်သူမောင် ဆူကာများကို ကျော်လွှားကာ အိမ်ထဲဝင်လာပါကလည်း ချစ်သူမောင်ကို ဟန့်တားရန် အိမ်တိုင်တိုင်းတွင် ဝှေ့တတ်ရန်ပြုတတ်သော နွားရိုင်းများကို ချည်နှောင်ထားပါသည်။ ချစ်သူမောင် အိမ်ပေါ်တက်လာပါက ထိုးခုတ်နိုင်ရန် ထရံကြားတွင် ထက်လှသောဓား ထားပါသည်။ ချစ်သူမောင် အိမ်ပေါ်တက်လာပါက ထိခိုက်နာကျင်စေရန် ချွန်ထက်လှစွာသော အပ်များကို ကြမ်းကြားတွင် စီစီရီရီ စိုက်ထားပါတော့သည်။ လှံကို အိမ်ခေါင်မိုးတွင် ထိုးစိုက်ထားပါသည်။

ဤသို့ အထပ်ထပ် ကာဆီးပိတ်ပင်ထားသဖြင့် ချစ်သူမောင်သည် မည်သည့်နေရာက အိမ်ပေါ်တက်ကာ မယ်နှင့်တွေ့နိုင် ပါမည်နည်း။ မယ်လည်း မည်သည့်နေရာက အိမ်ပေါ်မှ ဆင်းကာ မောင်နှင့်တွေ့နိုင်ပါမည်နည်းဟု ဗျာများကာ ပူပန်သောက ရောက်နေရှာသော မိန်းမပျိုလေး၏ ခံစားမှုကို ပေါ်လွင်အောင်-

**"မောင်လဲ ဘယ်က တက်ပါ့မယ်။**

**မယ်လဲ ဘယ်က ဆင်းပါ့မယ်။"** ဟု

ဖွဲ့ဆိုထားကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။

ဤသို့ အတားအဆီး အစောင့်အကြပ် များပြားလှသည့်ကြားက မောင်သည် မယ့်ကိုတွေ့ရန် ကြောင်တစ်ကောင် ကြွက်တစ်ကောင်အလား အိမ်ပေါ်သို့ တက်လာပါလျှင်လည်း ထုပ်တန်းက မခိုင်။ ထုပ်တိုင်က ပိုးထိုးနေသဖြင့် ထုပ်နှင့်လျှောက် အလယ်ခေါင်မှ သွင်သွင်ကျိုးကာ ဖောင်ဖောင်ဟု အသံများပင် ထွက်လာပါလိမ့်မည်။ အိမ်ရှိလူများ သတိထားမိကြပြီး သူခိုး၊ သူခိုးဟု အော်ဟစ်ကာ မီးထွန်းညှိ၍ ဝိုင်းဝန်း ဖမ်းဆီးကြသောအခါ ချစ်သူမောင်သည် အိမ်ပေါ်မှ ခုန်ချကာ လမ်းဆုံလမ်းမသို့ ရောက်အောင် ပြေးနိုင်ပါမည်လားဟု တွေးနေ ပူပန်နေမိပုံကို-

**"သူခိုးဆိုညွှန်း**

**မီးတင်ထွန်းလို့ ဝန်းကြသောအခါ**

**ဆင်းချခုန်**

**လမ်းဆုံ ရောက်ပါ့မလားရှင်။"**ဟု ဖွဲ့ဆိုထားပါသည်။

မိန်းမပျိုလေး၏ စိုးရိမ်ပူပန်စိတ်ကို ပေါ်လွင်စေသော အဖွဲ့ပင် ဖြစ်ပါတယ်။

**"ညီမအထွေး၊ ရွှေတလေးကို**

**ပြေး၍ကြည့်ချေ၊ စေလသောခါ**

**အမယ်မမ၊ ကျွန်မခဲအို**

**မြင်ငှဲငါတို့၊ ရွာလယ်ခေါင်တွင်**

**ခုတင်ကြီးမှာ၊ စောင်းတီးလို့လေး။"** ဟု ဖတ်ရ၊ တွေ့ရမှာ ဖြစ်ပါတယ်။

ဤအဖွဲ့တွင် ချစ်သူမောင်အပေါ် စိုးရိမ်စိတ်ဖြစ်နေပုံ၊ အိမ်က ညီမအထွေးဆုံးလေးကို ချစ်ခင်မြတ်နိုးပုံ၊ ချစ်သူမောင် ဘေးရန်ကင်းသည်ဟု သိရသဖြင့် မိန်းမပျိုးလေး စိတ်အေးကာ ပျော်ရွှင်ကြည်နူးစိတ်များ တဖွားဖွား ပေါ်လာပုံတို့ကို တွေ့နိုင်ပါတယ်။

ဤသည်တို့မှာ ငှက်ကိုလွယ် အမယ်ကြီးနှင့် အိုင်ချင်းကဗျာတွင် တွေ့ရသော မိန်းမပျိုလေး၏ ခံစားမှုကို ပေါ်လွင်စေသော အရေးအဖွဲ့များပင် ဖြစ်ကြောင်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။

## ဇီဝဗေဒ — တီချယ် Rachel (ရန်ကုန်တက္ကသိုလ်)

၂၂ - ၇ - ၂၀၂၄ ရက်နေ့မှအဆက်-

**Horticulture (သစ်ပင် ပန်းမန် စိုက်ပျိုးရေး)**



**Figure 1.8 Horticulture**

- Horticulture is a branch of **agriculture.** သစ်ပင်ပန်းမန် စိုက်ပျိုးရေးဆိုတာစိုက်ပျိုးရေးဘာသာရပ်ရဲ့ အခွဲတစ်ခု ဖြစ်ပါတယ်။
- It **is defined as** the applied science of **cultivating and growing plants** used for both consumption and aesthetic or ornamental purposes. သူ့ကို အပင်စိုက်ပျိုးခြင်းနဲ့ အပင်ကြီးထွားခြင်းဆိုင်ရာတွေမှာ အသုံးပြုတဲ့ အသုံးချသိပ္ပံပညာတစ်ခုအဖြစ် အဓိပ္ပာယ်သတ်မှတ်တယ်၊ စားသုံးမှု (consumption) နဲ့ အလှအပဆိုင်ရာ (aesthetic or ornamental) ရည်ရွယ်ချက် နှစ်မျိုးအတွက် သုံးတယ်ပေါ့။ စိုက်ပျိုးတဲ့အခါ (large amount) ဆိုရင် **cultivating** ကိုသုံးပြီး (small amount) ဆိုရင် **growing** ကို သုံးတယ်။
- Horticulture involves plant propagation and cultivation/to improve the plant growths, yields, quality, nutritional values, and resistance to insects, diseases, and environmental stresses. သစ်ပင်ပန်းမန် စိုက်ပျိုးရေးမှာ ကိုင်းကူးကိုင်းဆက်စိုက်ပျိုးရေး၊ အမြောက်အများ စိုက်ပျိုးရေးတို့ ပါဝင်တယ်။ အပင်ကြီးထွားစေဖို့ (growth)၊ ထုတ်လုပ်မှုကောင်းဖို့ (yield)၊ အရည်အသွေးကောင်းဖို့ (quality)၊ အာဟာရတန်ဖိုး (nutritional values)၊ အင်းဆက်ပိုးမွှား၊ ရောဂါနဲ့ ပတ်ဝန်းကျင်ဆိုင်ရာတွေရဲ့ဖိစီးမှုတွေဆီက ခံနိုင်ရည်တိုးတက်စေဖို့ပေါ့။
- It also **includes** plant conservations, Landscape restoration, soil management, landscape and garden designs, construction and maintenance, and arboriculture. သူ့မှာ အပင်ထိန်းသိမ်းခြင်း (conservations)၊ ရှုခင်းပြန်လည်ပြုပြင်ခြင်း (landscape restoration)၊ မြေဩဇာစီမံခန့်ခွဲမှု (soil management)၊ ရှုခင်းနဲ့ဥယျာဉ် ဒီဇိုင်း (landscape and garden designs)၊ တည်ဆောက်ရေးနဲ့ထိန်းသိမ်းခြင်း (conservations and maintenance)၊ အပင်ကြီးနဲ့ ခြုံပင်များ ထိန်းသိမ်းခြင်း (arboriculture) တို့လည်း ပါဝင်တယ်။
- The word **"horticulture"** is derived from the **Latin words** 'hortus' and 'cultura', which mean 'garden and 'cultivation'.Horticulture ဆိုတဲ့ စကားလုံးက hortus နဲ့cultura ဆိုတဲ့လက်တင်စကားလုံးများမှ ဆင်းသက်လာပြီး ဥယျာဉ်နဲ့ စိုက်ပျိုးခြင်းလို့ အဓိပ္ပာယ်ရတယ်။

***State what you understand about horticulture and also describe the meaning and origin of the word.** ဆိုတဲ့ မေးခွန်းလေးနဲ့ လေ့ကျင့်ပါ။

- **In contrast to agriculture,** horticulture does not include the intensive crop farming and large-scale crop production or animal husbandry. စိုက်ပျိုးရေးနဲ့ ကွဲပြားတာကတော့ ပိုးသတ်ဆေးနဲ့ ဓာတ်မြေဩဇာများ သုံးပြီး ကောက်ပဲသီးနှံ အများအပြား ထွက်အောင်ပြုလုပ်ခြင်း (အဓိကအားဖြင့် ပြောင်း၊ ပဲပိစပ်၊ ဂျုံ၊ စပါး စတာ)၊ (သို့မဟုတ်) တိရစ္ဆာန်မွေးမြူရေးတို့ မပါဝင်တာပါပဲ။
- Additionally, horticulture focuses on the use of small plot with a wide variety of mixed crops while agriculture focuses on one large primary crop at a time. ထို့ပြင် သစ်ပင်ပန်းမန်စိုက်ပျိုးရေး (horticulture) ဟာမြေကွက်ငယ်ကိုအသုံးပြုလို့ မတူတဲ့သီးနှံ အမျိုးမျိုးကို ရောနှော စိုက်ပျိုးခြင်းကိုအလေးထားပြီး သာမန်စိုက်ပျိုးရေး (agriculture) ဆိုတာကတော့ တစ်ကြိမ်မှာ အခြေခံသီးနှံတစ်မျိုးကိုသာ အဓိကအလေးထားစိုက်ပျိုးခြင်းဖြစ်တယ်။

*ဒီနေရာမှာ **"What is agriculture and how is it different from horticulture?** ဒီလိုမေးခွန်းလေးနဲ့ လေ့ကျင့်ပါ။

- Agriculture is defined to ......... nursery grower.
- In contrast to agriculture ........ one large primary crop at a time.

## အင်္ဂလိပ်စာ

ဆရာ ဦးဆန်းဝေ

၈ - ၇ - ၂၀၂၄ ရက်နေ့မှအဆက်-

### UNIT (3) DIET AND NUTRITION

**I. Read the passage.**

Diet (လူတစ်ဦး စားနေကျအစားအစာ) is the food we consume regularly. Nutrition (အာဟာရပြည့်ဝခြင်း) refers to 'the process by which all living things receive the food necessary for them to grow and be **healthy.**' Diet and nutrition are the most **fundamental** of human needs. (လူသားလိုအပ်ချက်၏အခြေခံအကျဆုံး) – they are essential (မရှိမဖြစ်လိုအပ်) for our health, energy and growth. Just as (သကဲ့သို့) plants obtains nutrients (မြေဆီဩဇာဓာတ်များ) from the soil in which they grow, we get nutrients (အာဟာရဓာတ်များ) from the diet we eat. Therefore, we need to have a **nutritious** diet (အာဟာရဓာတ်ပြည့်ဝသော အစားအစာ) – a mixture of all the nutrients that our body needs to survive. (အသက်ရှင်ရန်) Moreover, diet and nutrition are strongly linked to environmental factors. (ပတ်ဝန်းကျင်ဆိုင်ရာအချက်အလက်တွေနဲ့ခိုင်မာစွာဆက်စပ်နေ) Thus, it is important to consider not only the relationship between diet and nutrition but also the influence of environmental factors on them.

The nutrients essential for our body can be found in the food we eat. Foods can be classified into different groups: grains, fruits, vegetables, milk products and beans and oily foods. These foods carry (ပါဝင်တယ်လို့ပြောတာ၊ သယ်ဆောင်တာမဟုတ်) six kinds of nutrients: carbohydrates, vitamins, minerals, dietary fibre, proteins and lipids (အဆီပါသော အော်ဂဲနစ်ကွန်ပေါင်းတစ်မျိုး) These nutrients play a major role in maintaining good health.

**စာပိုဒ်ရဲ့ အနှစ်ချုပ်**

**ပုံမှန်စားတဲ့အစားအစာကို diet လို့ခေါ်တယ်။ nutrition ဆိုတာအာဟာရပြည့်ဝတာကိုပြောတာ၊ ပတ်ဝန်းကျင်ဆိုင်ရာအချက်တွေက diet နဲ့ nutrition အပေါ် လွှမ်းမိုးမှုရှိ၊ အာဟာရပြည့်ဝမှုဟာ ကျန်းမာရေးကောင်းဖို့ အရေးပါတယ်။ ဒီစာပိုဒ်ကို မြန်မာလိုအနှစ်ချုပ်အနေနဲ့ သိထားရင်ကို လုံလောက်ပါတယ်။ အဓိကကတော့ ဒီစာပိုဒ်ကို ကျောင်းသား၊ ကျောင်းသူများဖတ်ပြီး မြန်မာလို နားလည်အောင် ကြိုးစားလေ့လာရမှာဖြစ်တယ်။ သင်ကြားသူပဲဖြစ်ဖြစ် သင်ယူသူပဲဖြစ်ဖြစ် မြန်မာလိုနားလည်သဘောပေါက်ဖို့ လိုအပ်တာဖြစ်လို့ ဖတ်မှတ်လေ့လာကြဖို့ တိုက်တွန်းလိုပါတယ်။**

**ကျောင်းသား၊ ကျောင်းသူများ စွဲမြဲစွာမှတ်သားရန် တွဲသုံးလေ့ရှိသော အသုံးအနှုန်းများ-**

refer to **ရည်ညွှန်း**

necessary for (noun) (to verb) .... **အတွက် .... လိုအပ်**

essential for **အတွက် မရှိမဖြစ်လိုအပ်**

just as **သလို၊ .... အတိုင်း**

linked to .... **နှင့်ဆက်စပ်**

important to (verb) .... **ဖို့အရေးပါ**

classified into (noun) **အမျိုးအစားခွဲထား**

play a major/important role in (noun) ... **အဓိက/ အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်**

*စာမေးပွဲမေးခွန်းပုံစံတွင် ကွက်လပ်(၅)ခုနှင့် အမေးအဖြေ(၅) ခုသာ မေးပါတယ်။ လေ့ကျင့်ရန်နှင့်ပိုမိုနားလည်သဘောပေါက်စေရန် လေ့ကျင့်ခန်းများကို ပိုမိုဖော်ပြလိုက်ပါတယ်။*

**Exercises**

**A. Complete each sentence with the appropriate word or words in the sentence.**

1. Diet is the type of .......... we frequently eat.
2. The process by which all living things obtain the food they need to develop and maintain their health is referred to .......... .
3. Diet and nutrition are among .......... human needs.
4. They are crucial (**အရေးပါ**) to our .......... vitality (တက်ကြွဖျတ်လတ်မှု) and development.
5. We get .......... from the food we eat, just as plants absorb them from the soil in which they grow.
6. As a result, we must .......... a diet that is balanced in all the nutrients that our bodies require to exist.
7. Nutrition and diet are closely related to .......... .
8. It is crucial to take into account (**ထည့်သွင်းစဉ်းစား**) both the impact of environmental factors on diet and nutrition as well as how they .......... to one another.
9. The food we eat contains .......... that are necessary for our bodies.
10. Foods can be divided into a variety of .........., including grains, fruits, vegetables, dairy products, legumes, and fatty foods.
11. These foods provide .......... different types of nutrients: dietary fiber, proteins, lipids, vitamins, and carbohydrates.
12. These vitamins and minerals are essential for .......... good health.

**(B) Give a full-sentence answer to each question.**

1. What is the difference between diet and nutrition?
2. Why are diet and nutrition important for our health, energy and growth?
3. How do we obtain nutrients for our body?
4. What is a nutritious diet?
5. What are the different food groups?
6. What are the six kinds of nutrients found in food?

**Answer Keys**

I. (A) 1. food 2. nutrition 3. the most fundamental
4. health 5. nutrients 6. have
7. environmental factors 8. are related
9. nutrients 10. groups 11. six 12. our

I. (B) **1. The difference between diet and nutrition is that diet is the food we consume regularly, while nutrition is the process by which all living things receive the food necessary for them to grow and be healthy.**
**2. Diet and nutrition are important for our health, energy and growth because they provide us with the necessary nutrients to survive.**
**3. We obtain nutrients for our body by eating the diet.**
**4. A nutritious diet is a mixture of all the nutrients that our body needs to survive.**
**5. The different food groups are grains, fruits, vegetables, milk products and beans and oily foods.**
**6. The six kinds of nutrients found in food are carbohydrates, vitamins, minerals, dietary fibre, proteins and lipids.**

## ဘောဂဗေဒ

ဆရာမိုး (ဘောဂဗေဒ)

၂၉ - ၇ - ၂၀၂၄ ရက်နေ့မှအဆက်-

**ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းအသုံးဝင်ပုံ (၁၀ မှတ်) (၂၀၂၄ - ပြည်တွင်း)**

ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းသဘောတရားကို စီးပွားရေးတွင် အရေးပါစွာ အမျိုးမျိုးအသုံးပြုနိုင်သည်။ အသုံးပြုပုံတစ်မျိုးမှာ ဈေးကွက်အတွင်း ကုန်စည်တစ်ခု၏ ဈေးနှုန်းပြောင်းလဲခြင်းက စုစုပေါင်းရောင်းရငွေကို မည်သို့ပြောင်းလဲစေမည်ကို သိရှိနိုင်ခြင်းပင်ဖြစ်သည်။ ဤတွင် စုစုပေါင်းရောင်းရငွေဆိုသည်မှာ ဈေးနှုန်းနှင့် ဝယ်ယူသည့်အရေအတွက်တို့၏ မြှောက်လဒ်ဖြစ်သည်။

အကယ်၍ ဝယ်လိုအား အလျော့အတင်းများခဲ့လျှင် ဈေးနှုန်းတက်လာခြင်းကြောင့် လျော့သွားမည့်အရေအတွက် အချိုးအစားသည် ဈေးနှုန်းတက်သည့်အချိုးအစားထက် ပိုများမည်ဖြစ်ပြီး ရောင်းရငွေလျော့သွားလိမ့်မည်။ အပြန်အလှန်အားဖြင့် ဈေးနှုန်းကျလျှင် ရောင်းရငွေတိုးလာမည်ဖြစ်သည်။

သို့ရာတွင် ဝယ်လိုအားအလျော့အတင်းနည်းခဲ့လျှင် ဈေးနှုန်းတက်ခြင်းကြောင့် လျော့သွားမည့်အရေအတွက် အချိုးအစားသည် ဈေးနှုန်းတက်လာသည့်အချိုးအစားထက် ပိုနည်းသောကြောင့် စုစုပေါင်းရောင်းရငွေမှာ တိုးလာမည်ဖြစ်သည်။ အပြန်အလှန်အားဖြင့် ဈေးနှုန်းကျလျှင် ရောင်းရငွေလျော့နည်းသွားမည်ဖြစ်သည်။

အချုပ်အားဖြင့် ဝယ်လိုအားအလျော့အတင်းများလျှင် ဈေးနှုန်းနှင့်ရောင်းရငွေတို့ ပြောင်းပြန်ဆက်စပ်ပြောင်းလဲပြီး၊ ဝယ်လိုအားအလျော့အတင်းနည်းလျှင် ဈေးနှုန်းနှင့်ရောင်းရငွေတို့ တိုက်ရိုက်ဆက်စပ်ပြောင်းလဲသည်ဟု မှတ်ယူနိုင်သည်။

သို့ဖြစ်၍ ကုန်စည်အတွက် ဝယ်လိုအား အလျော့အတင်းကို သိပါက ဈေးနှုန်းမြှင့်တင်ခြင်း၊ လျှော့ချခြင်းတို့ကြောင့် ရောင်းရငွေတိုးမည်၊ လျော့မည်ကို ခန့်မှန်းနိုင်မည်ဖြစ်၍ လုပ်ငန်းများ၏ ဈေးနှုန်းသတ်မှတ်သည့် မူဝါဒများ ချမှတ်ရာတွင် အလွန်အသုံးဝင်သည်။ ဥပမာ- ရေနံတင်ပို့ရောင်းချသော နိုင်ငံများဖွဲ့စည်းထားသော (OPEC) က ရေနံဈေးနှုန်းကို မြှင့်တင်ခြင်းဖြင့် ရေနံပို့ကုန်ရောင်းရငွေကို ကာလတိုတွင် အမြောက်အများတိုးတက်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ရေနံဟူသည် ဝယ်ယူလိုအား၏ ဈေးနှုန်း အလျော့အတင်း နည်းသောကြောင့် ဈေးနှုန်းမြှင့်တင်ခြင်းဖြင့် ရောင်းရငွေတိုးလာခြင်းဖြစ်သည်။ ကာလရှည်တွင်မူ ရေနံအစားထိုးလောင်စာများ ပေါ်ထွက်လာခြင်းဖြင့် ရေနံအတွက် ဝယ်လိုအားအလျော့အတင်းများလာသည့်အခါ ရေနံပို့ကုန်မှ ရငွေများ ကျဆင်းသွားခဲ့ရသည်။

အလားတူပင် ဝယ်လိုအားဈေးနှုန်းအလျော့အတင်းများသော ကုန်စည်ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းများအနေဖြင့် ဈေးနှုန်းလျှော့ချပေးခြင်းဖြင့် ရောင်းရငွေတိုးအောင် ဆောင်ရွက်နိုင်သည်။ ဤသို့ဖြင့် လုပ်ငန်းများအနေနှင့် ရောင်းရငွေတိုးစေမည့် ဈေးနှုန်းမူဝါဒများ ချမှတ်ဆောင်ရွက်နိုင်သည်။

ထို့အတူ အစိုးရအနေဖြင့် အခွန်မူဝါဒများ ချမှတ်ရာတွင် ဝယ်လိုအား အလျော့အတင်းသဘောတရားကို အသုံးပြုနိုင်သည်။ အခွန်စည်းကြပ်ခြင်းခံရသော ကုန်စည်တစ်မျိုးအတွက် ဝယ်လိုအား အလျော့အတင်းနည်းလေလေ အခွန်မှရငွေ ပိုများလေလေ ဖြစ်ပြီး ယင်းကုန်စည်အတွက် ဝယ်လိုအားအပေါ်အခွန်၏ အကျိုးသက်ရောက်မှုနည်းလေလေ ဖြစ်မည်။ ထို့ကြောင့် နိုင်ငံအများတွင် အစိုးရက ဝယ်လိုအားအလျော့အတင်းနည်းသော အရက်၊ စီးကရက်စသည့် ကုန်စည်များအပေါ် အခွန်ကြီးလေးစွာ ကောက်ခံလေ့ရှိသည်ကို တွေ့နိုင်သည်။

**အနှစ်ချုပ်**

| အလျော့အတင်း | ဈေးနှုန်း | စုစုပေါင်းရောင်းရငွေ |
|---|---|---|
| များ | တက် | ကျ |
| | ကျ | တက် |
| နည်း | တက် | တက် |
| | ကျ | ကျ |
| ယူနစ် | တက် | မပြောင်းလဲ |
| | ကျ | |

**ဝယ်လိုအား၏ အပြန်အလှန် အလျော့အတင်း (၁၀ မှတ်)**

ဝယ်လိုအား၏ အပြန်အလှန် အလျော့အတင်းသည် အခြားကုန်စည်တစ်ခု၏ ဈေးနှုန်းပြောင်းလဲခြင်းကြောင့် လေ့လာနေသော ကုန်စည်၏ ဝယ်ယူသည့်အရေအတွက် မည်မျှတုံ့ပြန်ပြောင်းလဲသည်ကို တိုင်းတာဖော်ပြသည်။

ဥပမာ။ ။ ကြက်သားဈေးနှုန်း တစ်ပိတ်သာလျှင် ၃၀၀၀ ကျပ်မှ ၃၅၀၀ ကျပ်သို့ တက်သွားသည့်အခါ ငါးဝယ်ယူသည့် အရေအတွက်မှာ ၁၂ ပိဿာမှ ၁၅ ပိဿာအထိ တိုးလာပါက ငါးနှင့်ကြက်သားတို့အတွက် ဝယ်လိုအား၏ အပြန်အလှန် အလျော့အတင်းကို အောက်ပါအတိုင်း တွက်ချက်နိုင်သည်။

# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး တွံတေးမြို့နယ်နှင့် ကော့မှူးမြို့နယ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စိုက်ပျိုးမွေးမြူရေးဇုန်များ ကွင်းဆင်းကြည့်ရှုစစ်ဆေး



ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ယနေ့နံနက်ပိုင်းက တွံတေးမြို့နယ်နှင့် ကော့မှူးမြို့နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စိုက်ပျိုးမွေးမြူရေးဇုန်များအတွင်း စိုက်ပျိုးမွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

## ကြည့်ရှုစစ်ဆေး

ဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မွေးမြူရေးဇုန်(၁)ရှိဦးဝင်းပြည့် ခြံ၌ ဥစားကြက်အကောင် ၁၀၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း၊ ဦးမျိုးဦး ခြံ၌ ဥစားကြက် ၁၀၀၀ နှင့် အသားတိုးကြက် အကောင် ၈၅၀၀ မွေးမြူထားရှိမှု ကိုလည်းကောင်း၊ ဦးမြင့်သိန်း ခြံ၌ ဥစားကြက် ၂၀၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ခြံဝင်းများအတွင်း မြက်ပင်များ၊ ပြောင်းပင်များ စိုက်ပျိုးရန်မှာကြားသည်။

အဆိုပါ တွံတေးမြို့နယ် မွေးမြူရေးဇုန်တွင် စုစုပေါင်းလုပ်ငန်းရှင် ၇၈ ဦးတို့က ဆိတ် ၃၂၇၉ ကောင်၊ နို့စားနွား ၂၇၃ ကောင်၊ အသားတိုးနွား ၁၁၃ ကောင်၊ အသားတိုးကြက်၃၆၄၉၀၊ ဒေသကြက်၁၉၃၀၈ ကောင်၊ ဥစားကြက် ၇၉၆၀၊ ကြက်မဲ ၈၈၄ ကောင်၊ ကြက်(ရမ်ပူရီ၊ ဟိုက်ဖလိုင်း) ၄၀၀၊ ဥစားဘဲ ၄၀၆၈ ကောင်၊ အသားတိုးဘဲ ၁၂၀၀၊ ငါးမျိုးစုံ ၁၀၈၄၀၀၀၊ ဝက် ၅၆၁ ကောင်၊ ငုံး ၁၄၃၇၀ တို့ကို မွေးမြူထားပြီး ဩဂုတ် ၃ ရက်အထိ အသားတိုးကြက် ပိဿာချိန် ၁၈၁၁၀၃ ပိဿာ၊ ဝက်ပိဿာချိန် ၁၉၂၃၈ ပိဿာ၊ ဘဲပိဿာချိန် ၁၅၇၃၃ ပိဿာ၊ အမဲသားပိဿာချိန် ၃၂၀၀၊ ဆိတ်သားပိဿာချိန် ၁၀၀၂၈ ပိဿာ၊ ငါးပိဿာ ၅၅၀၀၊ နွားနို့ပိဿာချိန် ၆၆၅၈၀၊ ကြက်ဥအလုံးရေ ၆၃၃၄၇၇ လုံး၊ ဘဲဥအလုံးရေ ၅၀၆၀၄၈ လုံး၊ ငုံးဥအလုံးရေ ၈၃၁၉၀၇ လုံး ထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ကော့မှူးမြို့နယ် ရှားဘွားကျေးရွာအုပ်စု ကော့မှူးစိုက်ပျိုးမွေးမြူရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် နေရာသို့ သွားရောက်၍ ကော့မှူးစိုက်ပျိုးမွေးမြူရေးဇုန်စီမံကိန်းအတွင်း ကုန်ထုတ်ပတ်လမ်း အမှတ်(၃) ဖောက်လုပ်ပြီးစီးပြီဖြစ်၍ မြေနေရာဇုန် သတ်မှတ်ပေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

## ရွေးချယ်စိုက်ပျိုး

ထို့နောက် ကော့မှူးစိုက်ပျိုးမွေးမြူရေးဇုန်စီမံကိန်း အနီး တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သည့် နှံစားပြောင်း သီးနှံပင်များ စိုက်ပျိုးထားရှိမှုကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရေး ပြောင်းနှင့်မြက်ပင်များ စိုက်ပျိုးရန်၊ မြေအမျိုးအစားပေါ်မူတည်၍ ဖြစ်ထွန်းနိုင်သည့် ပြောင်းသီးနှံအမျိုးအစားများ ရွေးချယ်စိုက်ပျိုးရန်တို့ကို မှာကြားသည်။

အဆိုပါ ကော့မှူးစိုက်ပျိုးမွေးမြူရေးဇုန်သည် ၁၂၄၁ ဧက အကျယ်အဝန်းရှိမည်ဖြစ်ပြီး ကုန်ထုတ်လမ်း ငါးလမ်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်-ပုသိမ် လမ်းမပေါ်သို့ သွားရောက်၍ ရန်ကုန်-ပုသိမ်လမ်းကို လမ်းသားတိုးချဲ့ရန် မြေပြင်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ သတင်းစဉ်

❖ MNL အမှတ်ပေးပြိုင်ပွဲမှ

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာသော်လည်း လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ ပွဲအစ အထနေးနေပြီး ရန်ကုန်ယူနိုက်တက်အသင်း၏ ဖိအားပေးခြင်းခံခဲ့ရသည်။ ၁၄ မိနစ်တွင် ရန်ကုန်ယူနိုက်တက်အသင်း အဖွင့်ဂိုးရခဲ့ပြီး ကောင်းစည်သူက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ပိုမိုရုန်းကန်လာရပြီး ၂၆ မိနစ်တွင် ဒုတိယဂိုးထပ်ပေးခဲ့ရကာ ကျော်ဖြိုးဝေက ရန်ကုန်အသင်းအတွက် ဂိုးထပ်မံသွင်းယူခဲ့ရသည်။ ပထမပိုင်းတွင် နှစ်ဂိုးပေးထားရသည့် ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးရရန် ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ပြီး ၄၇ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် မတ်ခ်ဆာကီက ခေါင်းတိုက်ပြီး ပထမချေပဂိုးသွင်းယူခဲ့သည်။ ချေပဂိုးတစ်ဂိုးပြန်ရခဲ့သဖြင့် ရှမ်းယူနိုက်တက်အသင်း စိတ်ဓာတ်တက်သွားပြီး ချေပဂိုးထပ်မံရရှိရန် ဖိအားပေးလာရာ ၇၁ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် မတ်ခ်ဆာကီက ပိတ်သွင်းယူကာ ဒုတိယချေပဂိုးသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ချေပဂိုးနှစ်ဂိုးသွင်းယူခဲ့သည့် ရှမ်းယူနိုက်တက်အသင်း ကွင်းလယ်ကစားသမား မတ်ခ်ဆာကီက ရရှိသည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ငါးပွဲကစား ၁၃ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ငါးပွဲကစား ၁၁ မှတ် ရရှိထားသည်။

## သုံးဂိုးစီသရေကျခဲ့

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းနှင့် Dagon Port အသင်း သုံးဂိုးစီသရေကျခဲ့သည်။ Dagon Port အသင်းအတွက် ဦးဆောင်ဂိုးများကို ၂၅၊ ၄၅+၁ မိနစ်တွင် မိုဂူ၊ ၇၃ မိနစ်တွင် အေးမင်းသူတို့က သွင်းယူပြီး မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးများကို ၆၁ မိနစ်တွင် ဝင်းကိုဌေး၊ ၇၁ မိနစ်တွင် သက်နိုင်၊ ၇၉ မိနစ်တွင် ပက်ထရစ်တို့က သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် မဟာယူနိုက်တက်အသင်းက ခုနစ်မှတ်၊ Dagon Port အသင်းက လေးမှတ် ရရှိထားသည်။

ပွဲစဉ်(၅) နောက်ဆုံးနေ့ကို ဩဂုတ် ၅ ရက်(ယနေ့)တွင် YUSC ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး သစ္စာအားမာန်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - သော်ကြီး

# နည်းပညာတက္ကသိုလ်(တောင်ငူ)၌ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ



တောင်ငူ ဩဂုတ် ၄

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် နည်းပညာတက္ကသိုလ်(တောင်ငူ)၌ တောင်ငူခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် နည်းပညာတက္ကသိုလ်(တောင်ငူ)တို့ပူးပေါင်း၍ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ နည်းပညာတက္ကသိုလ်(တောင်ငူ) ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဝင်းမွန်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တောင်ငူခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမိုးမြင့်က အမှာစကားပြောကြားကာ သင်တန်းအား စတင်ဖွင့်လှစ်သည်။

အဆိုပါသင်တန်းကို ဩဂုတ် ၃ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းတွင် ကြက်ခြေနီအကြောင်းသိကောင်းစရာ၊ လူနာဆန်းစစ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာရှေးဦးပြုစုခြင်း၊ ဒဏ်ရာအမျိုးမျိုးနှင့် သွေးယိုစီးခြင်းကိုပြုစုခြင်း၊ အပူလောင်ခြင်းနှင့် အရည်ပူလောင်ခြင်း၊ သွေးဆုတ်သွေးလန့်ခြင်း၊ မူးမေ့ခြင်းနှင့် သတိလစ်ခြင်း၊ အဆိပ်သင့်ခြင်း၊ သတ္တဝါများကိုက်ခြင်းနှင့် တုပ်ခြင်း၊ အရိုးကျိုးခြင်း၊ အဆစ်လွဲခြင်း၊ ရိုးဆက်ကြောနှင့် ကြွက်သားများ ထိခိုက်ဒဏ်ရာရခြင်း၊ လူနာကိုင်တွယ်ခြင်းနှင့် သယ်ဆောင်ခြင်း၊ အခြေခံအသက်ကယ်အထောက်အကူပြုနည်းတို့ကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး နည်းပညာတက္ကသိုလ်(တောင်ငူ)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၇၉ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**



# ဒလမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

ဒလ ဩဂုတ် ၄

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ထော်(အောက်)ကျေးရွာအုပ်စု ထော်အောက်ကျေးရွာသို့ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

## ရှင်းလင်းဆွေးနွေး

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ဦး၊ ဒလမြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် ထော်အောက်ကျေးရွာရှိ မြစိမ်းရောင် အသင်းသူ အသင်းသားများနှင့် တွေ့ဆုံကာ စီမံကိန်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာလုပ်ငန်းအဖွဲ့က မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေလျှောက်လွှာခေါ်ယူထားမှုအခြေအနေများ၊ အတိုးနှုန်းများ၊ ချေးငွေကာလသတ်မှတ်ချက်များနှင့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းတင်ပြပြီး ခရိုင်ဦးစီးမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂-၈-၂၀၂၄ ရက်နေ့မှအဆက်

"သူတစ်ပါးသည် မိမိ၏ ကိုးစားရာ အဘယ်မှာ ဖြစ်နိုင်အံ့နည်းလို့ ဟောခဲ့တယ်"

"ဒါကြောင့်ထင်တယ်၊ ကိုထွန်းဝေက ကိုယ်ထူးကိုယ်ချွန်သီချင်းကိုကြိုက်တာ"

ခင်လေးက သာဓုကန်တုန်းကအဖြစ်ကို မှတ်မှတ်ရရ ပြန်ပြောသည်။ ရင်ထဲတွင် ကျေနပ်မှုကြောင့် ပီတိလေးများ ပွားသွား၏။

"ကိုထွန်းဝေက ဒါတွေ ဘယ်လိုလုပ်တတ်သလဲ"

မဖြူ၏ အမေးကလည်း ထက်ကြပ်မကွာ လိုက်လာသည်။

"စာအုပ်တွေထဲကပဲ မဖြူ၊ ဗဟုသုတပေါင်းစုံ အသိပညာအားလုံးဟာ စာအုပ်တွေထဲမှာပဲ ရှိတာပဲဟာ"

"အင်း . . . ကိုထွန်းဝေ ပြောတာနဲ့ ဘုရားမှာ ဆုတောင်းဖို့ကိစ္စတောင် မလုပ်ရဲတော့ဘူး"

ခင်လေး၏ စိတ်ပျက်လက်ပျက် ပြောလိုက်သံကြောင့် ကျွန်တော် ရယ်ချင်သွားသည်။ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ပြီး -

"ကျွန်တော်က သဘောကိုပြောတာပါ မခင်လေး။ ဒါပေမဲ့ ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေကတော့ ဆုတောင်းဆုယူဆိုတာ ပြုမြဲဓလေ့ပဲ မဟုတ်လား၊ ငရဲမကြီးပါဘူး။ ဘာဖြစ်လဲ ဆုတောင်းချင်တောင်းပေါ့"

"ကိုထွန်းဝေကော ဆုတောင်းမလား"

ကလေးလို အဖော်လာစပ်သောသူ့ကို ပြုံးကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ၊ ကျွန်တော် ဆုတောင်းမှ မခင်လေးက ဆုတောင်းမလို့လား"

သူက အမေးကို မဖြေ။ ကျွန်တော့်စကားသည် သူ့နား၌ မည်သို့ဖြစ်သွားသည်မသိ။ မဆိုင်သော စကားတစ်ခွန်းကို ဆိုသည်။

"ခင်လေးပဲ ခေါ်ပါ ကိုထွန်းဝေရယ်။ မခင်လေး . . . မခင်လေး ဆိုတာ တစ်မျိုးကြီးပဲ။ နားထောင်ရတာ ထောင့်တောင့်တောင့်ကြီး"

အဟဲ . . . အချိုရှာ သကာသာမက ပျားရည်ရော၊ ထန်းလျက်ရော၊ သကြားရော အစုံတွေ့လိုက်ရသလို ပျော်သွား၏။

"အဲဒီလိုခေါ်ရင် ခင်လေး စိတ်ဆိုးမှာစိုးလို့"

သူ့ဆီမှ မျက်စောင်းတစ်ခု ဒိုင်းခနဲ ရောက်လာ၏။ ပိုရန်ကောဟု အဓိပ္ပာယ်ပြန်သော် ရနိုင်ကောင်း၏ ထင်သည်။

"ကဲ . . . ခေါ်ပါရှင်၊ ခေါ်ပါ။ အခေါ်ခံရမယ့် လူကိုက လိုလိုလားလားနဲ့ ပြောတာပါ။ စိတ်ဆိုးမှာ မပူရတော့ပါဘူး"

မဖြူက ဝင်နောက်သည်။ ခင်လေးက ရှက်ပြုံးဖြင့် ကျောကို ရိုက်သည်။

"ကဲ . . . ဒါဖြင့် လာ၊ စကားတွေများမနေနဲ့၊ ဘုရားရှိခိုးကြရအောင်"

ခင်လေးက စကားဖြတ်၍ တန်ဆောင်းပေါ်တက်ရန် ညွှန်သည်။

သုံးယောက်သား တန်ဆောင်းပေါ်တက်လာခဲ့၏။

အားလုံးထိုင်မိကြသောအခါ လက်အုပ်ချီကာနီး ခင်လေးက လှမ်းပြောသည်။

"ဆုတောင်းဖြစ်အောင် တောင်းနော်"

ကျွန်တော်က သူ့ကို လှမ်းပြုံးပြရင်း ခေါင်းညိတ်သည်။ စိတ်ထဲမှလည်း -

"တောင်းရမှာပေါ့ ခင်လေးရယ်၊ တောင်းတဲ့ဆုကို ခင်လေးသိရင်သာ ကိုယ့်ကို စိတ်မဆိုးပါနဲ့"

ဆုတောင်းက ပြည့်၊ မပြည့်ဆိုသောကိစ္စသည် ကျွန်တော်နှင့်

**❝ ရင်ထဲက မေတ္တာတရားဆိုတဲ့ အရာလေးကလည်း ကံ့ကော်ပွင့်လေး တစ်ပွင့်ပါ။ ဥသြငှက်လေးတစ်ကောင်ပါ။ မိုးရယ်၊ ဆောင်းရယ်လို့ ဝေဒနာနုစဉ်ကာလတုန်းကတော့ ဆီးဟယ်တားဟယ်လုပ်လို့ ရကောင်းရမယ်။ ကုန်ဆုံးခဲ့တဲ့ စက္ကန့်လေးများနဲ့အပြိုင် လွမ်းသက်ကြာ အခါသင့်လို့ သမ္မာရင့်လာတဲ့ နွေဦးလိုအခါမျိုးမှာတော့ ဥကပေါက်တဲ့ ငှက်ကလေးလိုပဲ သူ့အခွံသူ ခွဲရဲရတော့ပါတယ် ❞**




အတော်အလှမ်းဝေးသော တစ်နေရာသို့ လွင့်သွား၏။ ဝတ်ပြုဦးချအပြီး ရင်ထဲမှ တိုးတိုးလေး ဆုတောင်းလိုက်မိသည်။

"တပည့်တော်တို့သည် မကြာမီ ချစ်သူများအဖြစ်ဖြင့် လာဖူးခွင့်ရပါစေ ဘုရား"

ထိုနေ့ညက အဆောင်ပြန်ရောက်သောအခါ ရေးလက်စ ကဗျာလေးကို အဆုံးသတ်ဖြစ်သည်။

***"သိပ်ချစ်တာပဲ"***

*ရင်ထဲဆွေးတိုင်း၊ တွေးမိတယ်လေ*
*ပန်းကြွေလေးသာ၊ ကိုယ်ဖြစ်ပါရင်*
*ခြေရာလေးမှာ၊ ခိုနားပါမယ်*
*တစ်ခါရက်စက်၊ လာလမ်းဖျက်လို့*
*ခွဲထွက်ရှောင်သွား၊ မထားခြေရာ*
*မုန်းသွားမှာပဲ၊ စိုးရိမ်ဆဲကွယ်*
*သဲလွန်းတယ်လို့ ဆိုချင်ဆို။*
*အို ...*
*ငိုရမှာလည်း ကိုယ်ပါပဲ*
*သည်းကျွမ်းမှာလည်း ကိုယ်ပါပဲမို့*
*ပိုလွန်းသဲလွန်း၊ အူတိုလွန်းမှ*
*အလွမ်းသက်သာ စိတ်ဖြေသာမယ်*
*ဘာပဲဖြစ်ဖြစ်၊ ရှောင်မပစ်နဲ့*
*သိပ်ချစ်တာပဲ အချစ်ရယ်။*

ကဗျာခေါင်းစဉ်လေးကို "သိပ်ချစ်တာပဲ" ဟု ပေးလိုက်၏။

ဒီဇင်ဘာ စာမေးပွဲများပြီးသောအခါ ကျွန်တော် အိမ်ပြန်သည်။ ဆောင်းည၏ အအေးဒဏ်များကြားမှပင် ကျော်ညွှန့်နှင့် အဖော်စပ်၍ ငမိုးရိပ်ကမ်းပါး၌ ထိုင်ဖြစ်၏။ ငမိုးရိပ်ချောင်းရေပြင်တွင် ခင်လေး မျက်နှာလှလှလေးကို လမင်းအရိပ်အဖြစ် မြင်ရသည်။

အမေ့ဆီ ပြန်ရသဖြင့် ဝမ်းသာကြည်နူးမှုဖြစ်ရသော်လည်း သည်တစ်ခါ ရွာအပြန်သည် ကြာလွန်းသည် ထင်မိ၏။

အဘယ်ကြောင့်ဆိုသော် ကျောင်းဖွင့်လျှင် ခင်လေးကို ချစ်ခွင့်ပန်တော့မည်ဟု ဆုံးဖြတ်ထားသောကြောင့်ပင်။

ကျောင်းဖွင့်၍ အဆောင်ပြန်ဝင်သောနေ့က ကံ့ကော်ပင်များကို တွေ့ရသောအခါ အထူးရင်ခုန်လာသည်။

ကံ့ကော်ပင်၊ ကံ့ကော်ရွက်များကြားတွင်လည်း ဦးဦးဖျားဖျား ရောက်နေသည်ထင်ရသော ကံ့ကော်ဖူးလေးတစ်ဖူးကို တွေ့လိုက်ရသည်။

ရင်ခုန်လွန်းအားကြီး၍လား မသိ၊ ရင်ခုန်၍ ခုန်နေမှန်းပင်မသိတော့။

(၉)

*အတွက် . . .*

*မင်္ဂလာပါ ခင်လေးရယ် . . .*

*ပျော်ရွှင်ချမ်းမြေ့ခြင်းမှန်သမျှ ခင်လေးအတွက် ဖြစ်ပါစေလို့ဆန္ဒပြုပါတယ်။*

*ခုလို ထူးထူးခြားခြား စာတစ်ခွေ၊ ပေတစ်ဖွဲ့ ရေးလိုက်တာကို ခင်လေး အံ့သြသွားလိမ့်မယ်။ ဘာများလဲဆိုတဲ့ အတွေးလေးတွေ ဝေဝေဝါးဝါး ပွားကောင်းပွားမှာပဲ။*

*မအံ့သြပါနဲ့ ခင်လေးရယ်၊ အတွေးလည်း မပွားပါနဲ့။ မပြောရဲတဲ့ စကားလေးတွေ၊ ရင်ထဲက ဝေဒနာလေးတွေကို အားကိုးတကြီး အကူအညီတောင်းလိုက်ရတာပါ။*

*ဝေဒနာဆိုတာက ခက်သားလား ခင်လေးရယ် . . .*

*ဝေမျှခံစားလို့ရတဲ့ ဝေဒနာကတော့ အလွယ်တကူ ဖွင့်ပြောသာဖွင့်ဟသာမို့ အမှတ်ထင်ထင်ဆိုသလို သိနိုင်ကြတယ်။ တစ်ယောက်တည်းသာသိတဲ့ ဝေဒနာကတော့.*

*ဘယ်သူသိမှာလဲ . . .*

*ဘယ်သူနားလည်မှာလဲ . . .*

*ဒီတော့ . . .*

*စာရွက်လေးတွေကို ပြောပြရတယ်။*

*စာရွက်လေးတွေကမှတစ်ဆင့် . .*

*"ချစ်တယ် ခင်လေးရယ်"လို့ တိုးတိုးလေးပြောပါရစေ။*

*ဖဝါးနဲ့မနာ နားနဲ့နာပါ ခင်လေး။*

*ကျွန်တော် ခင်လေးကို ချစ်နေမိခဲ့ပါတယ် . . .*

*တကယ်တော့ ဒီစကားဟာ ကျွန်တော့်ဘဝမှာ ပြောရအခက်ဆုံးစကားတစ်ခွန်းပါ။*

*ရင်ထဲမှာ ဘယ်လိုပဲ ခံစားနေရပေမယ့် ဖွင့်ပြောလိုက်ရင် မှားများသွားမလားဆိုတဲ့အတွေးက အကြိမ်ကြိမ် ခြောက်လှန့်ခဲ့တာမို့ မျိုသိပ်ခဲ့ပေါင်းလည်း အခါခါပါ။*

*သင့်တော်ပါ့မလားဆိုတဲ့ အတွေးကလည်း ကြိမ်ဖန်တလဲလဲ ဟန့်တားခဲ့တာကြောင့် ရင်ထဲက ဝေဒနာငှက်လေးကို မေ့ပျောက်ခြင်းသံကွန်ချာနဲ့ မညှာမတာ သော့ပိတ်ချော့သိပ်ခဲ့တာလည်း အထပ်ထပ်ပါ။*

*ဒါပေမဲ့ ခင်လေးရယ် . .*

*နွေဦးမှာ ပွင့်လာမယ့် ကံ့ကော်လေးတွေကို ဘယ်သူတားလို့ရမှာလဲ . . .*

*ကံ့ကော်ပွင့်လေးတွေနဲ့အတူ တေးဆိုဖို့ ရောက်လာမယ့် ဥသြငှက်လေးကို ဘယ်သူတားလို့ရမှာလဲ . . .*

*ရင်ထဲက မေတ္တာတရားဆိုတဲ့ အရာလေးကလည်း ကံ့ကော်ပွင့်လေးတစ်ပွင့်ပါ။ ဥသြငှက်လေးတစ်ကောင်ပါ။ မိုးရယ်၊ ဆောင်းရယ်လို့ ဝေဒနာနုစဉ်ကာလတုန်းကတော့ ဆီးဟယ်တားဟယ်လုပ်လို့ ရကောင်းရမယ်။ ကုန်ဆုံးခဲ့တဲ့ စက္ကန့်လေးများနဲ့အပြိုင် လွမ်းသက်ကြာ အခါသင့်လို့ သမ္မာရင့်လာတဲ့ နွေဦးလိုအခါမျိုးမှာတော့ ဥကပေါက်တဲ့ ငှက်ကလေးလိုပဲ သူ့အခွံသူ ခွဲရဲရတော့ပါတယ်။*

*သိပ်ချစ်တယ် ခင်လေးရယ်။*

*လောကကြီးမှာရှိသမျှ အရာအားလုံးထက် ခင်လေးကို ပိုချစ်တယ်။*

*တစ်ချိန်တည်းမှာပဲ ခင်လေးဆီက တုံ့ပြန်မေတ္တာကို တဖွဖွတမ်းတလာတယ်။*

*ဒါကြောင့်မို့လည်း . . .*

*ဘာပဲဖြစ်ဖြစ် ရင်ထဲမှာ မွန်းနစ်ဆို့ကျပ်နေတဲ့ ဝေဒနာလေးကို မျိုသိပ်မထားဘဲ ပြောတော့မယ်လို့ ဆုံးဖြတ်လိုက်တော့တယ်။*

*ကြာခဲ့ပြီလေ ... ... ... ဝေဝေဝါးဝါး အတွေးလေးတွေနဲ့ ခင်လေးရဲ့အနားမှာ ကျွန်တော့်ဝိညာဉ် အမြဲနားခဲ့ပေမယ့် မပြောရဲတဲ့စကားလေးတွေကြောင့် ပင့်သက်တွေနဲ့ပဲ မောခဲ့ရတယ်။*

*ရင်မောတယ် ခင်လေး။*

*ပြောရမယ့် စကားတွေရှိနေတာ သိလျက်သားနဲ့ ပြောရခက်နေလို့ ဖုံးဖိဝှက်သိုသိပ်နေရတဲ့ ကျွန်တော့်ဘဝကို တွေးကြည့်ပေါ့ကွယ်။ လွမ်းရတာကြာပြီမို့ ဒီတစ်ခါတော့ မပြောကောင်း မဆိုကောင်း ခင်လေးရဲ့ အကြင်နာလွှဲလို့ ရင်ပါကွဲရင်ကွဲပါစေတော့။ မကြင်နာသေးရင်လည်း ဝေးရင်ဝေးပါစေတော့။*

*ဆူဝေပူလောင်နေတဲ့ သောကအိမ်ထဲမှာ မလူးသာမလွန့်သာ ရင်မှာမျိုသိပ်နေရတဲ့ ဘဝထက်စာရင်တော့ . .*

*ဘာပဲဖြစ်ဖြစ်ဆိုပြီး*

*ကိုယ့်မေတ္တာကို ပန်းလေးတစ်ပွင့်လို အပ်ပါတယ် ခင်လေး။*

*ပန်ချင်လည်း ပန်သွားပါ၊*

*ခြွေချင်လည်း ခြွေသွားပါ၊*

*မပန်ချင်လည်း ခြွေခဲ့နိုင်ပါတယ်၊*

*မခြွေရက်ရင် ပန်သွားပါရယ်လို့ပဲ။*

*ထာဝရ*

***ကျွန်တော်***

"ကောင်းတယ်"

"ဘာကောင်းတာလဲ"

ကျွန်တော် မနက်အိပ်ရာမှအထ ခေါင်းရင်းဘက်မှ ပေါ်ထွက်လာသော ပေါ်ဦးအသံကြောင့် ကျွန်တော် ပြူးပြူးပျာပျာထ၍ မေးလိုက်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# အာဆင်နယ်၊ အက်သလက်တီကိုမက်ဒရစ်နဲ့ ပီအက်စ်ဂျီတို့ရဲ့ အဓိကပစ်မှတ်ဖြစ်လာတဲ့ အယ်လ်ဗာရက်ဇ်



မန်စီးတီးအသင်းရဲ့ တိုက်စစ်မှူး ဂျူလီယန် အယ်လ်ဗာရက်ဇ်ဟာ အခုအပြောင်းအရွှေ့ကာလအတွင်းမှာ အာဆင်နယ်အသင်း၊ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ရဲ့ အဓိကပစ်မှတ်ဖြစ်လာခဲ့ပါတယ်။

တိုက်စစ်မှူး အယ်လ်ဗာရက်ဇ်ဟာ ၂၀၂၂ ခုနှစ်အတွင်းက ရစ်ဗားပလိတ်အသင်းကနေ မန်စီးတီးအသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး မန်စီးတီးအသင်းကစားသမားဘဝမှာ ပရီမီယာလိဂ်ပွဲစဉ် ၆၇ ပွဲပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၂၀ နဲ့ ဂိုးဖန်တီးမှုကိုးကြိမ် ပြုလုပ်ပေးထားသူဖြစ်ပါတယ်။ ပြိုင်ပွဲစုံ ၁၀၃ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာတော့ သွင်းဂိုးစုစုပေါင်း ၃၆ ဂိုး သွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု ၁၈ ကြိမ်ပြုလုပ်ထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိ အယ်လ်ဗာရက်ဇ်ဟာ ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေတဲ့ ပါရီအိုလံပစ်ပြိုင်ပွဲမှာ အာဂျင်တီးနားအသင်းနဲ့အတူ ပါဝင်ပွဲထွက်ကစားခဲ့ပြီးနောက် သူ့ရဲ့အနာဂတ်နဲ့ ပတ်သက်ပြီး ဆုံးဖြတ်ချက်ချသွားမယ်လို့ မကြာသေးမီက အခိုင်အမာပြောကြားထားတာဖြစ်ပါတယ်။

အယ်လ်ဗာရက်ဇ်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက မန်စီးတီးအသင်းနဲ့အတူ ပွဲထွက်ကစားချိန်အများဆုံး ရရှိခဲ့တဲ့ ကစားသမားတွေထဲက တစ်ဦးအဖြစ် မှတ်တမ်းဝင်ခဲ့ပေမယ့် အသင်းအတွက် အရေးပါတဲ့ ပွဲစဉ်တွေမှာတော့ ပါဝင်ပွဲထွက်ခွင့်ဆုံးရှုံးခဲ့ရတာ ဖြစ်ပါတယ်။

အယ်လ်ဗာရက်ဇ်ဟာ ရီးယဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့တဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် နှစ်ကျော့စလုံးမှာ လူစားဝင် ကစားသမားအဖြစ်နဲ့သာ ပါဝင်ကစားခဲ့ရပြီး အက်ဖ်အေဖလားနောက်ဆုံး ဗိုလ်လုပွဲစဉ်မှာတော့ အရန်ခုံမှာပဲ ကျေနပ်ခဲ့ရတာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ အယ်လ်ဗာရက်ဇ်အား အာဆင်နယ် အသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့အပြင် မန်စီးတီးအသင်းကလည်း အယ်လ်ဗာရက်ဇ်ရဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၈၀ ရရှိမယ်ဆိုပါက ရောင်းချဖို့ရှိနေတာ ဖြစ်ပါတယ်။

ဒါကြောင့် အာဆင်နယ်အသင်းအနေနဲ့ အပြောင်းအရွှေ့ဈေးနှုန်းမြင့်မားတဲ့ အယ်လ်ဗာရက်ဇ်ကို မခေါ်ယူမီ ကစားသမားအများစုကို ရောင်းချရဖို့ လိုအပ်နေတာ ဖြစ်ပါတယ်။ လတ်တလောမှာ အင်န်ကီတီယာနဲ့ နယ်လ်ဆင်တို့ အာဆင်နယ်အသင်းနဲ့ လမ်းခွဲဖို့ရှိနေတဲ့အပြင် စမစ်ရိုဝီဟာလည်း ဖူလ်ဟမ်အသင်းဆီကို ပေါင် ၂၇ သန်းနဲ့ ပြောင်းရွှေ့သွားခဲ့ပြီ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းကခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ အယ်လ်ဗာရက်ဇ်ဟာ ပါရီအိုလံပစ် ၂၀၂၄ ရဲ့ အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်မှာ အာဂျင်တီးနားအသင်းနဲ့အတူ မိနစ် ၉၀ အပြည့် ပါဝင်ကစားခဲ့ပေမယ့် အိမ်ရှင်ပြင်သစ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့လို့ ပြိုင်ပွဲကနေထွက်ခဲ့ရတာ ဖြစ်ပါတယ်။

အယ်လ်ဗာရက်ဇ်အနေနဲ့ မန်စီးတီးအသင်းလိုမျိုး အသင်းမှာ ပါဝင်ကစားရတာကို ပျော်ရွှင်ကြောင်း လူသိရှင်ကြားထုတ်ဖော်ပြောကြားထားပေမယ့် လက်ရှိအချိန်မှာ အာဆင်နယ်အသင်း၊ အက်သလက်တီကို မက်ဒရစ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့က ခေါ်ယူဖို့ စိတ်ဝင်စားနေတာဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းကတော့ အယ်လ်ဗာရက်ဇ်ကို ပေါင်သန်း ၇၀ ပေးပြီး ခေါ်ယူဖို့ ကမ်းလှမ်းထားတာ ဖြစ်ပြီး အယ်လ်ဗာရက်ဇ်ကလည်း အက်သလက်တီကိုမက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ဖို့ စိတ်ဝင်စားနေတယ်လို့လည်း သိရပါတယ်။

နည်းပြဂွာဒီယိုလာကတော့ အယ်လ်ဗာရက်ဇ်ဟာ အီတီဟက်ဒ်မှာ ဆက်ရှိဖို့ သေချာတယ်လို့ ပြောကြားထားပေမယ့် မန်စီးတီးအသင်းက ပေါင်သန်း ၈၀ ရရှိမယ်ဆိုရင် ရောင်းချဖို့ရှိနေတယ်လို့ သတင်းတွေထွက်ပေါ်နေတာကြောင့် အယ်လ်ဗာရက်ဇ်ရဲ့ အပြောင်းအရွှေ့နဲ့ပတ်သက်ပြီး ဆက်လက်စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

## ဘောလုံးလောကသတင်းတိုများ

- အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းဟာ နိုက်စ်အသင်းမှ အသက် ၂၄ နှစ်အရွယ်ရှိ ပြင်သစ်ဗဟိုခံစစ်ကစားသမား တိုဒီဘိုအား ခေါ်ယူရန် နီးစပ်နေပြီဖြစ်ပြီး တိုဒီဘိုဟာ မန်ယူအသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့သို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုတွေပြုလုပ်ခဲ့တယ်လို့လည်း သိရပါတယ်။
- လိုက်ပ်ဇစ်အသင်းနဲ့ နာပိုလီအသင်းက ခေါ်ယူဖို့ စိတ်ဝင်စားလျက်ရှိတဲ့ အသက် ၂၇ နှစ်အရွယ်ရှိ ပြင်သစ်တိုက်စစ်မှူး မာတီတာဟာ လက်ရှိကလပ် ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ မျှော်လင့်ထားတယ်လို့ သိရပါတယ်။
- နယူးကာဆယ်အသင်းဟာ အသက် ၂၃ နှစ်အရွယ်ရှိ အင်္ဂလန်တောင်ပံကစားသမား အန်တိုနီဂျော်ဒန်အား စာချုပ်သစ်တစ်ရပ် ချုပ်ဆိုရန် ဆွေးနွေးမှုတွေပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။
- ဖူလ်ဟမ်အသင်းဟာ အက်စ်တွန်ဗီလာအသင်းမှ အသက် ၃၁ နှစ်အရွယ် ဘရာဇီးနောက်တန်းကစားသမား ဒီယေဂိုကားလို့စ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရပါတယ်။
- အာဆင်နယ်အသင်းဟာ ဘရိုက်တန်အသင်းမှ အသက် ၂၂ နှစ်အရွယ် ဘရာဇီးတိုက်စစ်မှူး ဂျောင်ပက်ဒရိုအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိတယ်လို့ သိရပါတယ်။
- အင်တာမီလန်အသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ဟာ မန်ယူအသင်းမှ အင်္ဂလန်ညာနောက်ခံကစားသမား ဝမ်ဘစ်ဆာကာအား ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။
- မန်စီးတီးအသင်းဟာ ဖင်လန်နောက်တန်းကစားသမား သောမက်ဂယ်ဗက်ဇ်အား LASK အသင်းသို့ အငှားချထားရန် သဘောတူညီပြီးဖြစ်တယ်လို့ သိရပါတယ်။



## နည်းပြအာတီတာ တာဝန်ယူခဲ့သည့်နောက်ပိုင်း နောက်ခံလူ ၁၁ ဦးအတွက် ပေါင်သန်း ၂၄၀ သုံးစွဲ

နည်းပြအာတီတာဟာ အာဆင်နယ်အသင်းနည်းပြအဖြစ် စတင်တာဝန်ယူခဲ့တဲ့နောက်ပိုင်း နောက်ခံလူ ၁၁ ဦးကို ခေါ်ယူမှုအတွက် ပေါင်သန်း ၂၄၀ သုံးစွဲခဲ့တယ်လို့ သိရပါတယ်။

အာဆင်နယ်အသင်းအနေနဲ့ ယခုသီတင်းပတ်အစောပိုင်းက နောက်ခံလူ ကာလာဖီအိုရီကို နွေရာသီဈေးကွက်အတွင်း ပထမဆုံး စာချုပ်ချုပ်ဆိုခေါ်ယူခဲ့တာဖြစ်ပြီး အသက် ၂၂ နှစ်အရွယ်ရှိ ကာလာဖီအိုရီဟာ နည်းပြအာတီတာရဲ့ အာဆင်နယ်အသင်းနည်းပြဘဝ ၁၁ ဦးမြောက် ခေါ်ယူခဲ့တဲ့ နောက်တန်းကစားသမားလည်း ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ကာလာဖီအိုရီကို ပြောင်းရွှေ့ကြေးပေါင် ၄၂ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး နည်းပြအာတီတာအနေနဲ့ လက်ရှိအချိန်မှာ ကာလာဖီအိုရီရဲ့ ပြောင်းရွှေ့ကြေးအပါအဝင် နောက်တန်းကစားသမား ခေါ်ယူမှုအတွက် သုံးစွဲမှုဟာ ပေါင်သန်း ၂၄၀ အထိရှိလာခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## ကာဗယ်ဟိုအား ဆောက်သမ်တန်ရဲ့ကမ်းလှမ်းမှု လီဗာပူး ငြင်းဆို



လီဗာပူးအသင်းဟာ ပေါ်တူဂီကြယ်ပွင့် ကာဗယ်ဟိုအား ခေါ်ယူရေး ဆောက်သမ်တန်အသင်းရဲ့ ကမ်းလှမ်းလာမှုကို ငြင်းဆိုခဲ့တယ်လို့ သိရပါတယ်။

ဆောက်သမ်တန် အသင်းအနေနဲ့ အသက် ၂၁ နှစ်အရွယ်ရှိ တိုက်စစ်ကစားသမား ကာဗယ်ဟိုကို ခေါ်ယူဖို့ ကာလရှည်ကြာစောင့်ဆိုင်း နေခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာ ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းနဲ့ ကမ်းလှမ်းခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။

**ဂိုးသွင်းယူပေးနိုင်ခဲ့**

ကာဗယ်ဟိုဟာ အမေရိကန်ပြည်ထောင်စုမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ရာသီအကြိုခြေစမ်းပွဲစဉ်တွေမှာ လီဗာပူးအသင်းနဲ့အတူ ပွဲထွက်ကစားခဲ့ပြီး အာဆင်နယ်အသင်း၊ မန်ယူအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်တွေမှာ လီဗာပူးအသင်းအတွက် ဂိုးသွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

တိုက်စစ်ကစားသမား ကာဗယ်ဟိုကို အခြားသော ကလပ်အသင်းတွေကလည်း ခေါ်ယူဖို့ စိတ်ဝင်စားလျက်ရှိပြီး ကာဗယ်ဟိုဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက လိုက်ပ်ဇစ်အသင်းနဲ့ ဟားစီးတီးအသင်းတို့မှာ အငှားစာချုပ်နဲ့ သွားရောက်ကစားခဲ့တာ ဖြစ်ပါတယ်။

**ပွဲစဉ်စုစုပေါင်း ၂၀ ပါဝင်ကစား**

ကာဗယ်ဟိုဟာ လိုက်ပ်ဇစ်အသင်းမှာ အငှားသွားရောက်ကစားစဉ်က ပွဲစဉ်စုစုပေါင်း ၂၀ ပါဝင်ကစားပေးခဲ့ကာ သွင်းဂိုးကိုးဂိုးနဲ့ ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်ထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

ကာဗယ်ဟိုရဲ့ လီဗာပူးအသင်းနဲ့ ချုပ်ဆိုထားတဲ့ လက်ရှိစာချုပ်သက်တမ်းဟာ ၂၀၂၇ ခုနှစ် နွေရာသီကာလမှာ ကုန်ဆုံးမှာဖြစ်ပြီး ဆောက်သမ်တန်အသင်းအနေနဲ့ ပြောင်းရွှေ့ကြေးကို တိုးမြှင့်ပေးပါက လီဗာပူးအသင်းအနေနဲ့ ရောင်းချဖို့ စဉ်းစားလာဖွယ်ရှိနေတာ ဖြစ်ပါတယ်။

ဆောက်သမ်တန်အသင်းကလည်း ပရီမီယာလိဂ်ကို တန်းတက်လာချိန်မှာ ပရီမီယာလိဂ်မှာ အသားကျမယ့် ကစားသမားတွေကို ရွေးချယ်နေတာဖြစ်လို့ ကာဗယ်ဟိုကို ဈေးမြှင့်ခေါ်ယူဖို့ စီစဉ်လာဖွယ်ရှိနေတယ်လို့လည်း သိရပါတယ်။ ❒

## သုဝဏ္ဏဘူမိသထုံအသင်း(ရန်ကုန်)
### (၄၂) ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ

သုဝဏ္ဏဘူမိသထုံအသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အသင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်တိုင်းနှင့် သထုံမြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကုသိုလ်ယူကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလှူငွေလှူဒါန်းလိုသောသူများအနေဖြင့် အောက်ဖော်ပြပါ ဦးခင်မောင်ပြုံး ဖုန်း-၀၉-၅၁၅၀၃၃၇၊ ဦးတင်ထွန်း ဖုန်း-၀၉-၅၀၀၀၁၆၃၉ နှင့် နီးစပ်ရာအမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း၊ အသင်းဝင်များနှင့် ရန်ကုန်မြို့ရောက် သထုံသူသထုံသားများ တက်ရောက်နိုင်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။

မှတ်ချက်။ ။အသင်းသားသစ်များဝင်ရောက်နိုင်ရေးအတွက် အခမ်းအနားနေ့၌ လက်ခံဆောင်ရွက်ပေးပါသည်။ အခမ်းအနားတွင် နေ့လယ်စာအကျွေးအမွေးဖြင့် ဧည့်ခံကျွေးမွေးပါမည်။

ကျင်းပမည့်နေ့ရက် - ၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း(၇)ရက်၊ ၁၁-၈-၂၀၂၄ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက်(၉:၃၀) နာရီ
ကျင်းပမည့်နေရာ - သုဝဏ္ဏဘူမိသထုံအသင်းဓမ္မာရုံ၊
မဟာဝိဇယစေတီတော်ဝင်း၊ ဒဂုံမြို့နယ်

**အမှုဆောင်အဖွဲ့**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးအောင်မိုး၏သား ကျွန်တော် မောင်သျှိုင်းထက်အောင်[၇/နတလ(နိုင်)၁၄၇၂၇၂]၏ ပတ်စ်ပို့နံပါတ် (MI 577375) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်းနံပါတ်- 09-404786828**

## ပျောက်ဆုံးကြောင်း

(အဖ)ဦးအီဆာဟတ်(ခ)ဦးဘခိုင်၏သား ကျွန်တော် မောင်နောင်နောင်ဝင်း [၁၄/ဟကက(နိုင်)၀၂၆၂၈၄] နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း - ၀၉-၉၇၁၁၁၁၃၄၆**
**၀၉-၇၈၄၉၇၇၇၈၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာအိမ်ရာ (ကုန္တီတံအိမ်ရာ)၊ SHOP HOUSE II, အခန်း(၁၀၆)၊ အကျယ်အဝန်း (၁၅၀၀) စတုရန်းပေရှိ တိုက်ခန်းနှင့် ရေမီးအစုံအပါအဝင် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူ ဒေါ်ခင်မူယာဦး [၁၂/သလန(နိုင်)၀၂၉၅၀၂] မှ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်သန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၆၆)**
**အမှတ်(A/3-A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊ (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။**
**Ph:09-454153474**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုစုသော် (ဘ) ဦးညီညီ [၁၂/ဥကမ(နိုင်)၁၉၂၇၁၅] နှင့် ၎င်း၏ခင်ပွန်း ဦးရဲမြတ်သူ (ဘ) ဦးဇော်မြင့်လွင် [၁၂/ဥကတ(နိုင်)၁၇၅၃၄၄] တို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ မှ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိခဲ့ကြ၍ ဦးရဲမြတ်သူသည် လွန်ခဲ့သော (၃)နှစ်ကျော်ကတည်းက နေအိမ်မှဆင်းသွားခဲ့ပြီး ဆင်းသွားခဲ့သည့်အချိန်မှစ၍ ယနေ့ထိတိုင် ကျွန်ုပ်၏မိတ်ဆွေအား အဆက်အသွယ်ပြုလုပ်ခဲ့ခြင်းမရှိပါ။ ထို့ကြောင့် ဦးရဲမြတ်သူပြုလုပ်သောကိစ္စရပ်များအားလုံးသည် ကျွန်ုပ်၏မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် ဦးရဲမြတ်သူနှင့် ပတ်သက်သောမည်သည့်ကိစ္စရပ်ကိုမဆို တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုစုသော်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင့်ဝင့်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၀၆၉)**
**အမှတ် (၁၂/၁၈၉)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း- ၀၉-၂၆၁၁၀၁၁၃၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမ၊ မလိခလမ်းသွယ်(၂)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၀)၊ မြေကွက်အမှတ် (၃၁) ဟုခေါ်တွင်သော အလျား (၆၀) ပေ x အနံ (၆၀) ပေအကျယ်ရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ချိုချိုပြုံးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မျိုးထွန်းမှ ဝယ်ယူ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စအရပ်ရပ်အား ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မူမူအောင် (LL.B)တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၃၄၆)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၄၃၁၉၀၀၈၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄)၊ လူနေရပ်ကွက်အမှတ်-စီမံကိန်း(၁)၊ ယုဇနလမ်း၊ မြေကွက်အမှတ်(၁၄၁) ဟုခေါ်တွင်သော (၄၀ပေx၆၀ပေ)အကျယ်မြေကွက်သည် ဒေါ်ငွေစိန်အမည်ဖြင့် တည်ရှိသော နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်ဖြစ်ပါသည်။ အဆိုပါပေ(၄၀ပေx၆၀ပေ)အကျယ်အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် အကျယ်အဝန်း(၂၀ပေx၆၀ပေ)မြေကွက်နှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအေးမောင်[၁၂/သခန(နိုင်)၀၀၉၀၆၀]နှင့် ဒေါ်အေးမြခိုင်[၁၂/သခန(နိုင်)၁၀၄၉၇၈]တို့မှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက် အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးကျော်သူဝင်း(LL.B)** | **ဒေါ်အိသူသူဇင်(LL.B,DBL,DIPL)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၂၁၉၅)(၃၁-၁-၂၀၂၀)** | **(စဉ်-၁၇၇၂၆)(၂၁-၁၂-၂၀၂၁)** |

**အမှတ်(၁၁၄၆)၊ ပထမထပ်(A)၊ ရတနာပုံ(၅)လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-250667906, 09-789302082, 09-792470533**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ ၂၂လမ်း(အနောက်)၊ အမှတ်(၂၃/က) ဟုခေါ်တွင်သည့် (၆) ထပ်တိုက်အဆောက်အဦရှိ ဒုတိယထပ်၊ အကျယ်အဝန်း (၁၈ ပေ x ၅၄ ပေ) ခန့်ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးမောင်လှ [၁၂/လမတ(ဧည့်)၀၀၀၅၈၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့် အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၂၇)**
**တိုက် C2A၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊ Time Square Condo၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၆၅၁၇၈၀၁၈၊ ၀၉-၂၅၀၀၆၀၃၁၃**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ ဇေတရုံလမ်း၊ အမှတ် (၆၈၁) ဟုခေါ်တွင်သည့် (၂) ခန်းတွဲ (၆) ထပ်တိုက်အဆောက်အဦရှိ မြေညီထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၈ ပေ x ၅၄ ပေ) ခန့်ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ (မြေပိုင်ရှင်) ဦးမောင်လှ [၁၂/လမတ(ဧည့်)၀၀၀၅၈၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၂၇)**
**တိုက် C2A၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊ Time Square Condo၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၆၅၁၇၈၀၁၈၊ ၀၉-၂၅၀၀၆၀၃၁၃**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ လူနေရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်-၁၆၂/ခ၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၂ ရပ်ကွက်၊ မိဂသီ-၂၁ လမ်း၊ အမှတ်- ၁၆၂/ခ ဟုခေါ်တွင်သည့် (၁ ထပ်) အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ကျင်စိန် [၁၂/သဃက(နိုင်)၀၂၂၀၄၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၂၇)**
**တိုက် C2A၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊ Time Square Condo၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၆၅၁၇၈၀၁၈၊ ၀၉-၂၅၀၀၆၀၃၁၃**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ငါးလုပ်ငန်းဦးစီးဌာန၊ ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)
## ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာ ပထမနှစ်သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၌ ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်ရှိ ငါးလုပ်ငန်းသိပ္ပံတွင် တက်ရောက်လိုသူများသည် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန/ ငါးလုပ်ငန်းစခန်းများနှင့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး)တို့တွင် လျှောက်ထားနိုင်သည်။

